မြန်မာ့အလင်း

၁၂၉၁ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီ ၃၀ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၂၂)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မဏိပူရရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် ညင်သာစွာ အသွင်ကူးပြောင်းရေး ချမှတ်ထားသော မူဝါဒလုပ်ငန်းစဉ်များအတိုင်း တက်ညီလက်ညီ ဆက်လက်ကြိုးပမ်း

စီမံကိန်းလုပ်ငန်းများ သတ်မှတ်ကာလထက် စောပြီးစီးအောင် ကြိုးစားဆောင်ရွက် ဒေသဖွံ့ဖြိုးရေးနှင့် ဒေသတွင်းစီးပွားရေးခိုင်မာတောင့်တင်းအောင် ကြိုးပမ်းလုပ်ကိုင်

နေပြည်တော် ဇန်နဝါရီ ၂၉

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဇန်နဝါရီ ၂၇ ရက် မွန်းလွဲပိုင်းတွင် မကွေးတိုင်း ဂန့်ဂေါမြို့နယ် ပြင်သာကျေးရွာအနီး မြစ်သာမြစ်ပေါ်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၈)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၇ ကော်လံ ၁ *

မြစ်သာ ရေလှောင်တမံ

မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်းကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ အာဘော်
(၂၀၀၇ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်)

ဒေသခံတိုင်းရင်းသားများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ တိုးချဲ့ဖောက်လုပ်ပေး

မြန်မာနိုင်ငံသည် ဒေသတစ်ခုနှင့်တစ်ခု ကူးသန်းသွားလာမှု အဆင်ပြေလွယ်ကူစေရေးနှင့် တိုင်းရင်းသားအချင်းချင်း သွေးစည်းချစ်ကြည်ရင်းနှီးမှု ပိုမိုဖြစ်ထွန်းလာစေရေးအတွက် ပြည်နယ်နှင့်တိုင်းများတွင် ကားလမ်း၊ ရထားလမ်းနှင့် တံတားကြီးများကို ကွန်ရက်သဖွယ် တည်ဆောက်ပေးလျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဇန်နဝါရီလ ၂၇ရက်နေ့က ကျင်းပသည့် ပခုက္ကူ–ဂန့်ဂေါ–ကလေး ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ ကျော–ရေမျက်နီ ရထားလမ်းပိုင်းနှင့် ပုံညာတောင်ဥမင် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ခဲ့သည်။

၁၉၈၈ခုနှစ်က ရထားလမ်းအရှည်မိုင် ၁၉၇၆ မိုင်ခန့်ရှိရာမှ ယခုဆိုလျှင် ရထားလမ်းမိုင် ၃၁၁၀ ကျော်အထိ မိုင်ပေါင်း ၁၁၄၀ ကျော် တိုးချဲ့ဖောက်လုပ်ပေးနိုင်ခဲ့ပြီ ဖြစ်သည်။

ယခုအခါ ရထားဝန်ထမ်းများ၊ နယ်မြေခံပြည်သူများနှင့်အတူ တပ်မတော်သားတို့ ပူးပေါင်းမှု အင်အားဖြင့် ကျောနှင့်ရေမျက်နီအကြားရှိ ပုံညာတောင်တန်းကြီး တားဆီးနေမှုကို အောင်မြင်စွာ ဖောက်လုပ်ပေးနိုင်ခဲ့သဖြင့် ချောင်းဦး–ပခုက္ကူ–ဂန့်ဂေါ–ကလေး ရထားလမ်းမှာ တောက်လျှောက်ခရီးပေါက်သွားပြီဖြစ်သည်။ ပုံညာတောင်ဥမင်အပါအဝင် ကျော–ရေမျက်နီရထားလမ်းပိုင်းသည် အရှည် ၂၇ မိုင်ခန့်ရှိသည်။ ပုံညာတောင်ဥမင်လိုဏ်မှာ ပေ ၅၆၁၀ ရှည်ပြီး မြန်မာနိုင်ငံ၏ ရထားဥမင်လိုဏ်များအနက် အရှည်ဆုံးဖြစ်သည်။ စစ်ကိုင်းတိုင်း ချောင်းဦးမှ စတင်ခဲ့သည့် ပခုက္ကူ–ဂန့်ဂေါ–ကလေး ရထားလမ်းကြီးသည် ၂၇၇ မိုင်ကျော် ရှည်လျားသော လမ်းပိုင်းဖြစ်သည်။

အဆိုပါ ရထားလမ်းကြီးသည် မကွေးတိုင်း ဧရာဝတီအနောက်ဘက်ခြမ်း မြို့များကို ဖြတ်ကျော်ပြီး ချင်းပြည်နယ်၏ (မြောက်ပိုင်း)တံခါးပေါက်ဖြစ်သော ကဘော်ချိုင့်ဝှမ်းဒေသ ကလေးမြို့အထိရောက်အောင် ဆက်သွယ်ပေးထားသည့် တိုင်းရင်းသားချစ်ကြည်ရင်းနှီးမှု၏ ရထားလမ်းကြီး တစ်ခုပင်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က ဒေသ၏ အခြေခံလိုအပ်ချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ တိုးချဲ့ဖောက်လုပ်ပေးနေခြင်းသည် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအကြား ဖြစ်ထွန်းတည်ရှိနေသော ပြည်ထောင်စုစိတ်ဓာတ် တိုးပွားခိုင်မာစေရေးအတွက် အားသစ်များ လောင်းပေးနေခြင်းပင်ဖြစ်ပါကြောင်း ဖော်ပြလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ငွေရေးကြေးရေးနှင့် အခွန်ဆိုင်ရာ သိသင့်သိထိုက်သည်များ ပွင့်ပွင့်လင်းလင်း အသိပေးစည်းရုံးဆောင်ရွက် နိုင်ငံတော်နှင့် ဒေသဖွံ့ဖြိုးရေး ဝိုင်းဝန်းကြိုးပမ်း

ရန်ကုန် ဇန်နဝါရီ ၂၉

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းသည် ဧရာဝတီတိုင်း မအူပင်ခရိုင်အတွင်းရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန လုပ်ငန်းဌာနများမှ ဌာနဆိုင်ရာဝန်ထမ်းများအား ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းက မအူပင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်း အထွေထွေမန်နေဂျာ ဦးအောင်မြင့်ထွန်း၊ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မအူပင်ခရိုင်အတွင်းရှိ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မအူပင်ခရိုင်အတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်း၊ မြန်မာ့အာမခံလုပ်ငန်းတို့မှ စီမံခန့်ခွဲမှုအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဘဏ္ဍာနှစ်အတွင်း ဌာနအလိုက် လုပ်ငန်းလျာထားချက်၊ လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

မှာကြား

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက မှာကြားရာတွင် ဝန်ထမ်းအားလုံးသည် ဌာနနှင့် ဆက်သွယ်သည့် ပြည်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများအား ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့် အခွန်ဆိုင်ရာ သိသင့်သိထိုက်သည်များအား ပွင့်ပွင့်လင်းလင်း အသိပေးစည်းရုံးဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးရေး၊ ဒေသဖွံ့ဖြိုးရေးအတွက် စိတ်စေတနာကောင်းဖြင့် ဝိုင်းဝန်းကြိုးပမ်းကြရန် လိုအပ်ကြောင်း၊ ဝန်ထမ်းအားလုံး ဝန်ထမ်းကျင့်ဝတ်အတိုင်း ကျင့်ကြံပြုမူနေထိုင်ကြရန် လိုအပ်ကြောင်း အကျယ်တဝင့် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မအူပင်ခရိုင် မအူပင်မြို့ရှိ မြန်မာ့စီးပွားရေးဘဏ်၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်း၊ မြန်မာ့အာမခံလုပ်ငန်းခရိုင်ရုံးများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၃၀–၁–၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄း၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄း၃၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၂၅ ၇။ ပညာခေတ်
- ၅း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ မိုးလေဝသသတင်း
- ၆း၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၄၀ ၁၃။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မုန်တိုင်းကြားက ချစ်လိပ်ပြာ”** (အပိုင်း–၄)
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ မွေးမြူသုတ
- ၁၈။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ဝေဟင်ချစ်သူ”** (အပိုင်း–၁)

စာပြန်ပွဲနှင့်စာအောင် ဆုနှင်းပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၉

(၆၃)ကြိမ်မြောက် သဒ္ဒမ္မဇေ အာဂမ+သဘာဝနှစ်ဌာန စာမေးပွဲကို ဖေဖော်ဝါရီ ၃ရက် (စနေနေ့) နံနက် ၈နာရီတွင် စမ်းချောင်းမြို့နယ် ကျွန်းတောလမ်း ဒေါ်ဉာဏစာရီ မြန်အောင်ကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်သည်။ စာပြန်ပွဲနှင့် စာအောင်ဆုနှင်းသဘင်အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် စာအောင်ဆုချီးမြှင့်မည်ဖြစ်ရာ အလှူရှင်များ တက်ရောက် လှူဒါန်းနိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။

(က–ပ)

ဇန်နဝါရီ၁၉ ရက်က ရန်ကင်းမြို့နယ်အမှတ်(၈) ရပ်ကွက်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နယ်လှည့် စာကြည့်တိုက်၊ နံရံကပ်

စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာကြည့်တိုက်ရေရှည် ဖွံ့ဖြိုးတိုးတက်ရေး ဟောပြောပွဲအခမ်းအနားကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းအေး၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးသက်ထွေးအောင်နှင့် ရပ်ကွက်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဖြူဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

သာကေတမြို့နယ် ယခင် အလက(၃) အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၉

သာကေတမြို့နယ် (၈)ရပ်ကွက် ယခင် အလက(၃)၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) နံနက် ၉ နာရီတွင် ရွှေပုစွန်အအေးခန်းမ (သာကေတ)၌ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားသို့ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများကို ဦးသိန်းဝင်း ဖုန်း– ၀၉–၅၁–၄၆၂၂၆၊ ဦးသန့်ဇင်ဦး ဖုန်း–၅၃၇၄၁၂၊ ဦးတင်ဝမ်းမောင် ဖုန်း–၇၀၅၃၀၀၊ ဦးမျိုးဝင်း ဖုန်း–၀၉–၅၁–၀၁၁၄၉နှင့် ဒေါ်တင်တင်အေး ဖုန်း–၅၄၇၀၇၂ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

ရန်ကင်းမြို့နယ် ပြည်သာယာ (ကျိုက္ကဆံ ILBC တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်း အာယုဒါနအတွက် ဗိုလ်တထောင်လမ်းသွယ် (၁) လမ်းနေ မိခင်ကြီး ဒေါ်လှလှအားရည်စူး၍ ကျန်ရစ်သူ သားသမီး များက ငွေကျပ် တစ်သိန်းငါးသောင်းလှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော်က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (၁၁၅)

● *ကျောဖုံးမှ*

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီးသည် ကြံချကွင်းသို့ရောက်ရှိ၍ ရွှေ့လျားကရိန်းစက်များဖြင့် ကြံများ သယ်ယူခြင်းလုပ်ငန်းများ၊ ရွှေ့လျားခါးပတ်များဖြင့် ကြံများကို ဖြတ်စက်သို့ ပို့ဆောင်ခြင်းလုပ်ငန်းများ၊ ကြံသကာအိတ်များ၊ စက်ရုံ၏ ပြုပြင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် မွန်ပြည်နယ် ဘီးလင်းမြို့နယ် နောင်ရိုးကျေးရွာအနီး၌ မြန်မာ့စားသောက်ကုန်လုပ်ငန်းက ဆောင်ရွက်လျက်ရှိသော နောင်ရိုးကြံစိုက်ကွင်းသို့ရောက်ရှိ၍ စိုက်ကွင်းများပြုပြင်မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးလှိုင်က ကြံစိုက်ခင်းဧက ၅၀၀ စိုက်ပျိုးမှု အခြေအနေ၊ မြေပြုပြင်မှုအခြေအနေများကို တည်နေရာပြ မြေပုံဖြင့် ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ကြံအထွက်တိုးရေး စီမံဆောင်ရွက်သွားရန် မှာကြားသည်။

ဆွေးနွေးမှာကြား

ထိုမှတစ်ဆင့် ဝန်ကြီးသည် မွန်ပြည်နယ် မြန်မာ့စားသောက်ကုန်လုပ်ငန်း ဘီးလင်းသကြားစက်ရုံသို့ ရောက်ရှိပြီး ကြံရာသီကုန်ဆုံးသဖြင့် စက်ကိရိယာများ ကြံ့ခိုင်ရေးဆောင်ရွက်မှု အခြေအနေများကို ကြံဖြတ်စက်တစ်လျှောက်ကို လည်းကောင်း၊ ကြိတ်လုံးဌာနနှင့် ဘွိုင်လာဌာနတို့၌ မော်တာများ ပြုပြင်မှုလုပ်ငန်းများ၊ ဘွိုင်လာများပြုပြင်မှုလုပ်ငန်းများကိုလည်းကောင်း၊ လျှပ်စစ်ဌာန၌ တာဘိုင်စက်များ၊ မော်တာနှင့်ဒိုင်နမိုများ ပြုပြင်ခြင်းလုပ်ငန်းများကို လည်းကောင်း၊ ထိန်းချုပ်ခန်းကိုလည်းကောင်း၊ ကြံရည်ကျိုဌာနစိတ်၌ ကဏ္ဍအလိုက် စက်များပြုပြင်မှုကိုလည်းကောင်း၊ သကြားပေါင်းဌာန၌ စက်များပြုပြင်မှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ ဆက်လက်ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှတာဝန်ရှိသူများနှင့်တွေ့ဆုံရာ စက်ရုံမှူးက ထုတ်လုပ်မှု လုပ်ငန်းများနှင့် ဖြန့်ဖြူးမှုလုပ်ငန်းများကို ရှင်းလင်းတင်ပြကြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးလှိုင်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ညှိနှိုင်းဆောင်ရွက်

တင်ပြချက်များအပေါ် ဝန်ကြီးက ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကြံရာသီ၌ ကြံများအမြောက်အမြားရရှိရန် ကြံတောင်သူများအား စည်းရုံး ဆောင်ရွက်သွားရေး၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားရေး၊ စက်များတိုးတက်လည်ပတ်နိုင်ရေးကို နည်းလမ်းရှာဖွေသွားရေး စသည်ဖြင့် အသေးစိတ်ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် စက်မှုသုံးအရက်ပြန်စက်ရုံ (ဘီးလင်း) သို့ ရောက်ရှိ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် ဝန်ကြီးသည် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် စစ်တောင်းစက္ကူစက်ရုံအနီး တနော့ရေလှောင်တမံစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်လွင်က တမံတည်ဆောက်မှုလုပ်ငန်းစဉ် အဆင့်ဆင့်နှင့် မြေသားပြုပြင်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ဆည်မြောင်းတမံ တည်ဆောက်ပြီးစီးပါက စစ်တောင်းစက္ကူစက်အတွက် အသုံးပြုနိုင်မည့် ရေပမာဏများ၊ ပတ်ဝန်းကျင် ကျေးရွာများအတွက် ဆည်ရေသောက် လယ်ယာများ အကျိုးပြုမည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ရေလှောင်တမံကို စက်ယန္တရားများဖြင့် တည်ဆောက်မှုအခြေအနေများ၊ မြေသားပြုပြင်မှု အခြေအနေများကို ကြည့်ရှုသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း စစ်တောင်း အမှတ်(၁) စက္ကူစက်ရုံရှိ ဓာတုဗေဒ စက်ရုံခွဲသို့ ရောက်ရှိ၍ ကုန်ထုတ်လိုင်း တစ်လျှောက် ကော့စတစ်ဆိုဒါ ထုတ်လုပ်မှုလုပ်ငန်းများကို လည်းကောင်း၊ ဆာလ်ဖျူရစ်အက်စစ် သိုလှောင်ထားရှိမှု အခြေအနေများ၊ ဝါးတင်ဆိပ်ရှိ စစ်တောင်းမြစ်ဝှမ်းမှ ဝါးများကို ကမ်းပေါ်သို့ သယ်ဆောင်ရန် ကရိန်းများ တပ်ဆင်မှု အစီအမံများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကုန်ကြမ်းပစ္စည်းများ

ထို့နောက် ဝန်ကြီးသည် သစ်ဝါးဖြတ်စ ထုတ်လုပ်ရေးစက်ရုံခွဲသို့ ရောက်ရှိ၍ ရွှေ့လျားစက်လှေကားဖြင့် ဝါးဖြတ်စက်သို့ ဝါးများသယ်ပို့မှု လုပ်ငန်းနှင့် ဝါးဖြတ်စဉ်းခြင်း လုပ်ငန်းများကို လည်းကောင်း၊ ဓာတ်ဆား ပြန်ထုတ်စက်ရုံခွဲရှိ ထုတ်လုပ်မှု လုပ်ငန်းများကိုလည်းကောင်း၊ စက္ကူထုတ်ဌာနရှိ ထုတ်လုပ်ပြီးစက္ကူများကို လည်းကောင်း၊ တစ်တန်ကျ ကဒ်ထူစက္ကူ ထုတ်လုပ်မှုလုပ်ငန်းများကိုလည်းကောင်း၊ အရွယ်အစားအလိုက် စက္ကူများဖြတ်တောက်ခြင်းလုပ်ငန်းများ၊ မျဉ်းသားခြင်းလုပ်ငန်းများ၊ ထုပ်ပိုးပြီး စက္ကူထုပ်များကို လည်းကောင်း၊ စက်ရုံထုတ်စက္ကူအမျိုးအစားများနှင့် ကုန်ကြမ်းပစ္စည်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ယနေ့ နံနက် ၇နာရီခွဲတွင် ပဲခူးမြို့ ဝင်းသူဇာအရောင်းဆိုင်သို့ ရောက်ရှိပြီး ဝင်းသူဇာ အရောင်းဆိုင်၏ စက်မှု(၁)ထုတ်ကုန်ပစ္စည်းများ ရောင်းချမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဝန်ကြီးသည် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးစက်ရုံ ရှင်းလင်းဆောင်သို့ရောက်ရှိရာ ရှေးဦးစွာ စက်ရုံမှူး ဒေါက်တာအောင်ငွေဦးက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဝန်ထမ်းအင်အား၊ စက်ရုံ၏ ထုတ်လုပ်မှုအခြေအနေ၊ ကုန်ကြမ်းများအခြေအနေ စသည်များကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မှာကြားကာ တိုးချဲ့စက်ရုံ တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒို့ကျေးရွာဂျာနယ် အတွဲ (၄)၊ အမှတ် (၃) ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၉

ဒို့ကျေးရွာ ဒေသများ၏ သင်္ကေတ ဖြစ်သော ထန်းပင်များ ထက်၌ ထန်းဖူး၊ ထန်းခိုင်တို့ ထွက်ပြူ တွဲကျ စသည့် ကုံရာသီ တပို့တွဲလတွင် ပေါက်လဲပန်းတို့နှင့် အတူ ကျေးလက်ဒေသနေ ပြည်သူတို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သုတ၊ ရသ ဗဟုသုတ အဖြာဖြာတို့ကို ဖော်ပြပေးလျက် ရှိသည့် ဒို့ကျေးရွာဂျာနယ် အတွဲ(၄)၊ အမှတ်(၃)ကို ဖေဖော်ဝါရီ ၁ရက်တွင် ထုတ်ဝေဖြန့်ချိမည်ဖြစ်သည်။**(ယာပုံ)**

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် ကြီးပွားချမ်းသာခြင်း အစစ်အမှန်၊ ပြောင်းဖူးကမ္ဘာ၊ ဝင်ငွေတိုးတက်စေမည့် သရက်စိုက်ပျိုးရေး၊ ရော်ဘာပင်များကြား၌ ဝင်ငွေတိုးသီးနှံ စိုက်ပျိုးပါ၊ နာဂဒေသနှင့် တန်ဖိုးမြင့်သစ်သီးဝလံဖြစ်ထွန်းမှု၊ သဘော်ပင်နှင့် အနည်းလို အာဟာရဓာတ်ဘိုရွန်၊ စိုက်ပျိုးရေးရာ ဖြေကြားလွှာ၊ ဆိတ်များ မျိုးစပ်သားတင်ခြင်း၊ ဒို့ကျေးရွာ နွားမွေးမြူရေး၊ ကမ္ဘာ့လူသားများနှင့် ကြက်ငှက်တုပ်ကွေးအန္တရာယ်၊ တစ်ရွာတစ်မျိုး ထုတ်ကုန်တိုးအောင် ဆောင်ရွက်နေသော တွံတေးမြို့၏ အိုးလုပ်ငန်း၊ ကုံရာသီ တပို့တွဲလ၊ ရွာအပြန် လက်ကမ်းလို့ကြိုပါမည်၊ မြန်မာ့သနပ်ခါး၊ အရွယ်သုံးပါး အာဟာရ၊ ကျန်းမာသုခ ဝေငှပါ၏၊ သံပရိုပင်၏ အသုံးဝင်ပုံ၊ မြန်မာတို့ချစ်သည့် ကိုရီးယားမင်းသား စသည့် စိုက်ပျိုးရေး၊ မွေးမြူရေး ဆိုင်ရာ ဆောင်းပါးများနှင့် ဗဟုသုတဖြစ်ဖွယ်ရာ သတင်း၊ ဝတ္ထုတို၊ ပုံပြင်၊ ကဗျာ၊ ကာတွန်းများဖြင့် သုတ၊ ရသစုံလင်စွာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်အား အမြို့မြို့ အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ၌ ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ် ၂၂/၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း–၃၇၁၃၄၀၊ ၃၇၁၃၄၂တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

ဗုဒ္ဓမြတ်စွာဘုရား၏ ဒေသနာကျမ်းဂန်တော်လာ ဂိဟိဝိနယဆုံးမစာ အမှတ်စဉ် (၁၂) ပျက်စီးလွယ်သောသူ (၄) ယောက်

လောကတွင် လူကောင်းများရှိသကဲ့သို့ လူညံ့၊ လူဖျင်း၊ လူပျင်းများလည်း ရှိတတ်ပါသည်။ ထိုလူ အမျိုးအစားများမှာ–

- အရက်သေစာကို စွဲစွဲလမ်းလမ်း အလွန်အကျွံသောက်တတ်ခြင်း (ကျန်းမာရေးနှင့် လူမှုရေးအရ အကြောင်းအကျိုးခိုင်လုံစွာ အနည်းအပါး သောက်သုံးရသည်ကို မဆိုလိုပါ)၊
- အကြောင်းအကျိုး ခိုင်လုံမှုမရှိဘဲ ညဉ့်နက်သန်းခေါင် အလေအလွင့် လှုပ်ရှားသွားလာတတ်သူ၊
- ပွဲလမ်းသဘင်ကို အလွန်အကျွံ ခုံမင်တွယ်တာ ရှုစားတတ်သူ (တစ်ခါတစ်ရံ စိတ်အပန်းဖြေရန် ကြည့်ရှုခံစားခြင်းကို အပြစ်မဆိုနိုင်ပါ)၊
- လောင်းကစားမှုကို တစိုက်မတ်မတ် စွဲလမ်းဆောင်ရွက်တတ်သူ (လောင်းကစားဟူသည် နည်းသည်၊ များသည်မဟူ ဘာတစ်ခုမျှ အကျိုးမပြုနိုင်ပါ)။

“သောက်ထုပ်သေရက်၊ ညဉ့်နက်လမ်းသွား၊ ရှုစားသဘင်၊ ပျော်ရွှင်အန်စာ၊ လေးရပ်မှာပင်၊ တကွထင်သည်၊ လေးအင်ပါယ် သဟဲတည်း”

မိဘများသည် မိမိတို့သားသမီးများအား အထက်ဖော်ပြပါ လူပေါ့လူပျက် အမျိုးအစားများထဲတွင် ပါမသွားအောင် သွန်သင်ဆုံးမကြရန် လိုအပ်သည်။ လူငယ်အပေါင်းတို့သည်လည်း မိမိတို့ကိုယ်တိုင် လူပေါ့၊ လူပျက်၊ လူညံ့များ မဖြစ်ရလေအောင် မိမိကိုယ်ကိုမိမိ ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရပေမည်။ သို့မှသာ နိုင်ငံ့သားကောင်းများပေါ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ရရှိနိုင်မည်ဖြစ်သည်။ ။

(သာသနာရေး)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀–၁–၂၀၀၇ (အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်	၁၀း၃၅	‘အင်း’ငွေပန်းထိမ်ရဲ့ အငွေ့အသက်
၇း၀၅	အနှိုင်းမဲ့မီးတရားတော် (အရှင်ဆန္ဒာဓိက) [အပိုင်း–၂]	၁၀း၅၅	မိုးလေဝသခန့်မှန်းချက်
		၁၁း၀၀	အမျိုးသမီးရုပ်သေးကြိုးဆွဲ ပညာရှင်နှင့် တွေ့ဆုံခြင်း
၈း၀၅	မြန်မာ့အလှမြင်ကွင်းများ	၁၁း၃၀	ပြည်တွင်းသတင်းအကျဉ်း
၈း၂၅	Music Gallery (တင်ဇာမော်ရဲ့တင်ဇာမော်)	၁၁း၄၀	တေးဂီတအစီအစဉ်
၈း၅၀	ပြည်တွင်းသတင်းအကျဉ်း	၁၁း၄၅	အသည်းခြောက်ရောဂါနှင့် စိတ်ပိုင်းဆိုင်ရာပြဿနာ
၉း၀၀	တေးဂီတအစီအစဉ်	၁၂း၀၅	တေးဂီတအစီအစဉ်
၉း၀၅	နို့ထွက်ပစ္စည်းထုတ်ကုန် မြင့်မားဖို့ ကြိုးစားကြပါစို့	၁၂း၁၀	နိုင်ငံတကာသတင်းအကျဉ်း
		၁၂း၁၅	Fashion Fever-1 (ဒီဇိုင်နာခင်စန်းဝင်း၏ မြန်မာ့သတို့သမီးဝတ်စုံဖက်ရှင်)
၉း၂၀	တေးဂီတအစီအစဉ်		
၉း၂၅	Sunday Talk		
၁၀း၂၅	တေးဂီတအစီအစဉ်	၁၂း၄၅	တေးဂီတအစီအစဉ်
၁၀း၃၀	နိုင်ငံတကာ သတင်းအကျဉ်း	၁၂း၅၀	ယူးချောင်းတံတား
		၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိတစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇နာရီအထိတစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၀၀	West Ham-Liverpool	5-Sports(Live)
၂း၂၄	Reading-Wigan	5-Series(Live)

ဇန်နဝါရီ ၂၂ ရက်က တာမွေမြို့နယ် ဗျိုင်းရေအိုးစင် ရွာမ ရပ်ကွက်တွင် (၅)နှစ်အောက် ကလေးငယ် များ အား ဝက်သက်ကာကွယ်ဆေး ထိုးနှံခြင်းဆောင် ရွက် ရာ မြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဒေါ်မိမိတင်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်ဆွေ၊ ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌဒေါ်အေးအေးခိုင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရပ်ကွက်စည်းရုံးရေးမှူးဦးဝင်းအောင်နှင့်အဖွဲ့က ကြီးကြပ်ဆောင်ရွက်စဉ်။ (က–ပ)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အီရတ်မှအမေရိကန်တပ်ဖွဲ့ဝင်များ အမြန်ရုပ်သိမ်း သမ္မတဘုရှ်၏ အမှားများ ဆက်တိုက် ကျူးလွန်နေ

"စစ်ပွဲအလိုမရှိကြောင်း" အမေရိကန်ပြည်သူများ ကြွေးကြော်ဆန္ဒပြ

နယူးယောက် ဇန်နဝါရီ ၂၉

အီရတ်သို့ အမေရိကန်တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ရေး သမ္မတဘုရှ်၏အစီအစဉ်အပေါ် အမေရိကန်ပြည်သူများက ဆန့်ကျင်ဆန္ဒပြလျက်ရှိရာ နယူးယောက်မြို့နှင့် လော့စ်အိန်ဂျလိစ်မြို့အပါအဝင် အခြားမြို့ကြီးများ၌လည်း ဆန္ဒပြကန့်ကွက်မှုများ ဇန်နဝါရီ ၂၈ရက်က ဆက်လက်ပြုလုပ်ကြသည်။ (အောက်ဝဲပုံ)

နယူးယောက်မြို့တွင် ဆန္ဒပြသမားများက **"ဘုရှ်၏အစီအစဉ် ချက်ချင်းရပ်၊" "အီရတ်မှ အမေရိကန်တပ်ဖွဲ့ဝင်များ အမြန်ရုပ်သိမ်း"** ဟူသော ပိုစတာများကိုင်ဆောင်ကာ စစ်ပွဲဆန့်ကျင်ရေး ကြွေးကြော်သံများ သံပြိုင်ဟစ်ကြွေးကာ ဆန္ဒပြကန့်ကွက်ခဲ့ကြသည်။

ထို့အတူ ဆန်ဖရန်စစ္စကိုမြို့တွင်လည်း အီရတ်ရောက် အမေရိကန်တပ်ဖွဲ့ဝင်များ၏ မိသားစုများ၊ ငြိမ်းချမ်းရေး လိုလားသော ပြည်သူများ၊ အနုပညာရှင်နှင့် စစ်ပြန်စစ်မှုထမ်းဟောင်းများက အီရတ်အား စစ်ပွဲဆင်နွှဲခြင်းသည် မှားယွင်းကြောင်း ကြွေးကြော်သံများ ဖြစ်သည့် **"သမ္မတဘုရှ် အမှားများ ကျူးလွန်နေ"၊ "စစ်ပွဲအလိုမရှိ"** ဟူသော ကြွေးကြော်သံများ ကြွေးကြော်ကာ မြို့အတွင်း လှည့်လည်ဆန္ဒပြခဲ့ကြသည်။

ပြောကြား

အီရတ်စစ်ပွဲကြောင့် အမေရိကန်နိုင်ငံသည် ငွေကြေးအမြောက်အမြား ဆုံးရှုံးခဲ့ရကြောင်း၊ အမေရိကန်တပ်ဖွဲ့ဝင်များ၏ အသက်ပေါင်းများစွာ ပေးဆပ်ခဲ့ရကြောင်း၊ သို့သော်လည်း အီရတ်စစ်ပွဲမှာ ယခုထိ မပြီးဆုံးသေးကြောင်း ဆန္ဒပြသူများက ပြောကြားခဲ့သည်။ **(အင်တာနက်)**



ဘဂ္ဂဒက်ရှိ ရဲတပ်ဖွဲ့ဌာနချုပ်တစ်ခု ဗုံးခွဲတိုက်ခိုက်ခံရ

ဘဂ္ဂဒက် ဇန်နဝါရီ ၂၉

ဘဂ္ဂဒက်မြို့အရှေ့ပိုင်းရှိ ရဲတပ်ဖွဲ့ဌာနချုပ်တစ်ခုကို ဇန်နဝါရီ ၂၇ ရက်က ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ လူငါးဦးသေဆုံးပြီး ၁၀ ဦးဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးဌာနကပြောကြားသည်။

တင်ဆောင်

ဘဂ္ဂဒက်မြို့အရှေ့ပိုင်းရှိ အယ်ဂျာဒီဒတ်ရဲတပ်ဖွဲ့ဌာနချုပ်ရုံးအနီး ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ်တစ်စီး ပေါက်ကွဲခဲ့ကြောင်း၊ ဖြစ်ပွားသည့်အချိန်မှာ ဇန်နဝါရီ ၂၇ ရက် မွန်းတည့်ချိန်ဖြစ်ကြောင်း ၎င်းဝန်ကြီးဌာနက ပြောကြားသည်။

ပေါက်ကွဲ

ဒဏ်ရာရရှိသူများမှာ ပြည်သူများဖြစ်ပြီး ၎င်းရဲတပ်ဖွဲ့ဌာနချုပ်မှာ လူစည်ကားရာ ဈေးတစ်ခုအနီးတွင်ရှိသော အဆောက်အအုံဖြစ်သည်။

တိုက်ခိုက်

အီရတ်နိုင်ငံတွင် ဗုံးခွဲတိုက်ခိုက်မှုများ နေ့စဉ်ဖြစ်ပွားလျက်ရှိပြီး သေဆုံးမှုနှင့် ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အန္တရာယ်များသော လမ်းကြောင်းကို ဘုရှ်ရွေးချယ်နေ အမေရိကန်တို့ ဆုံးရှုံးနစ်နာမှုများသာ ကြုံတွေ့ရ ဟောလီးဝုဒ်အနုပညာရှင်များ ဝေဖန်ပြောကြား

ဝါရှင်တန် ဇန်နဝါရီ ၂၉

အမေရိကန်အစိုးရသည် ဗီယက်နမ်စစ်ပွဲ သင်ခန်းစာကိုမယူဘဲ အန္တရာယ်များသော လမ်းကြောင်းကို ရွေးချယ်အသုံးပြုနေကြောင်း၊ သမ္မတဘုရှ်၏လုပ်ဆောင်ချက်များကို အမေရိကန်ကွန်ဂရက်က တားမြစ်ရမည်ဖြစ်ကြောင်း ဟောလီဝုဒ်အနုပညာရှင်များဖြစ်သည့် ဂျိန်းဖွန်ဒါနှင့် တမ်ရိဘင်စ်တို့အပါအဝင် အခြားအနုပညာရှင်များက ဝေဖန်ပြောကြားလိုက်သည်။ (ယာပုံ)

မိမိတို့အနေဖြင့် စစ်ပွဲကိုဆန့်ကျင်ကြောင်း၊ အမေရိကန်အစိုးရအနေဖြင့် အီရတ်နှင့်ပတ်သက်သမျှ အစီအစဉ်များကို ရပ်ဆိုင်းသင့်ပြီဖြစ်ကြောင်း ပြောကြားသည်။

ဆန့်ကျင်

ဆက်လက် ဆောင်ရွက်ပါက အမေရိကန်တို့ ဆုံးရှုံးနစ်နာမှုများသာ ကြုံတွေ့ရနိုင်ကြောင်း စစ်ပွဲဆန့်ကျင်ဆန္ဒပြပွဲ၌ ပါဝင်ဆင်နွှဲနေသော ၎င်းတို့က ပြောကြားသည်။

ယခုအခါ အမေရိကန်နိုင်ငံတစ်ဝန်းရှိ မြို့ကြီးများတွင် အီရတ်စစ်ပွဲဆန့်ကျင်ရေးဆန္ဒပြပွဲများကို ပြည်သူထောင်ပေါင်းများစွာ ပါဝင်ဆင်နွှဲလျက်ရှိပြီး အီရတ်သို့ အမေရိကန်တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ရေးအစီအစဉ်အပေါ် ကန့်ကွက်ဆန္ဒပြလျက်ရှိသည်။

သေဆုံး

အီရတ်ကို အမေရိကန်တို့ စစ်ပွဲဆင်နွှဲနိုင်ခဲ့ခြင်းကြောင့် အမေရိကန်တပ်ဖွဲ့ဝင်၃၀၀၀ကျော်သေဆုံးခဲ့ရခြင်းမှာ ဝမ်းနည်းဖွယ်ရာ ကောင်းကြောင်း ၎င်းတို့က ပြောကြားသည်။ **(အင်တာနက်)**

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ငွေကြေးနှင့်ပိုင်ဆိုင်မှုများ ထုတ်ဖော်ကြေညာ

ဂျီနီဗာ ဇန်နဝါရီ ၂၉

ကုလသမဂ္ဂအကြီးအကဲသစ်နှင့် ၎င်း၏ဇနီးတို့သည် အမေရိကန် ဒေါ်လာ ၁ဒသမ ၂သန်းနှင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅သန်း အသီးသီးပိုင်ဆိုင်ထားကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ဇန်နဝါရီ ၂၆ ရက်တွင် အများပြည်သူများအား ပထမဆုံးအကြိမ် ထုတ်ဖော်ကြေညာခဲ့သည်။

ဘန်သည် ယမန်နှစ်က တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ် လစာငွေရရှိမှုမှာ အမေရိကန်ဒေါ်လာ တစ်သိန်းအောက်ရရှိသည်။ ၎င်းသည် ၂၀၀၄ခုနှစ် ဇန်နဝါရီလက နိုင်ငံခြားရေးဝန်ကြီးဖြစ်လာခဲ့သည်။ သို့သော်လည်း ပြီးခဲ့သည့်နှစ် နိုဝင်ဘာလက နိုင်ငံခြားရေးဝန်ကြီးအဖြစ်မှ ဆင်းပေးခဲ့ပြီး ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်သစ်ရာထူးတာဝန်ထမ်းဆောင်ရန် အသွင်ကူးပြောင်းရေးကာလ လုပ်ငန်းကို စတင်လုပ်ဆောင်ခဲ့ကာ ၂၀၀၇ခုနှစ် ဇန်နဝါရီ ၁ရက်တွင် စတင်၍တာဝန်ထမ်းဆောင်ခဲ့သည်။

ကုလသမဂ္ဂ၌ ဘန်ကီမွန်းသည် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၄၀၃,၉၅၈ ရရှိမည်ဖြစ်သည်။ ၎င်းသည် တာဝန်ထမ်းဆောင်စဉ်အတွင်း မန်ဟက်တန်ရှိ နေအိမ်တွင် အခမဲ့နေထိုင်ခွင့် ရရှိမည်ဖြစ်သည်။ ယမန်နှစ်ဧပြီလက ကုလသမဂ္ဂသည် အီရတ်ဆိုင်ရာ အစားအစာအတွက် ရေနံနှင့်စီမံခန့်ခွဲမှုလွဲမှားပြီး အကျင့်ပျက်မှုများကို စုံစမ်းစစ်ဆေးခဲ့ပြီးနောက် ၎င်း၏ထိပ်တန်းတာဝန်ရှိဝန်ထမ်းများသို့ လူသိရှင်ကြားအမိန့်ထုတ်ပြန်ကြေညာခဲ့သည်။

ဖွင့်ထား

ဘန်သည် ဆိုးလ်မြို့၌ အခန်းတစ်ခန်းနှင့် မြေတစ်ကွက်ပိုင်ဆိုင်သည်။ ၎င်း၏ဇနီးသည် ဆိုးလ်မြို့၏ လူမနေသောရပ်ကွက်၌ မြေတစ်ကွက်ပိုင်ဆိုင်ပြီး ယင်းတို့ဇနီးမောင်နှံသည်ဘဏ်တွင်လည်း အခြားငွေစာရင်း ဖွင့်ထားသည်။

အလုပ်လုပ်နေ

ဘန်ကီမွန်းက ကုလသမဂ္ဂ၌ ၎င်း၏ သမီးနှင့် သမက်တို့ ကင်ညာရှိ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့(ယူနီဆက်)၌အလုပ်လုပ်နေကြကြောင်းကိုလည်း ထုတ်ဖော်ပြောကြားခဲ့သည်။

အမ်အင်န်အေ၊ရိုက်တာ

ကမ္ဘာ့အသက်အကြီးဆုံး လူသား

ဘော့စတွန် ဇန်နဝါရီ ၂၉

အမေရိကန် ပြည်တွင်းစစ်အတွင်း မွေးဖွားခဲ့သော အမေရိကန်အမျိုးသမီးတစ်ဦးသည် ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသမီးဖြစ်လာကြောင်း၊ ၎င်းသည် ယခုအခါ အသက် (၁၁၄)နှစ်ရှိပြီဖြစ်ကြောင်း ကမ္ဘာ့မှတ်တမ်းစာအုပ် ဂင်းနက်စ်တွင် ဖော်ပြသည်။

မွေးဖွားခဲ့

သူမ၏အမည်မှာ အမ်မာဖရပ်စ်တေးမန်းဖြစ်ပြီး ၎င်းအား မြောက်ကာရိုလိုင်းနားပြည်နယ် ဂရင်းစ်ဘိုရိုမြို့၌ ၁၈၉၂ခုနှစ် နိုဝင်ဘာ ၂၂ရက်က မွေးဖွားခဲ့ကြောင်း၊ ၎င်းသည် ပွာတိုရီကိုနိုင်ငံမှ အီမီလျံနိုမီကာဒိုဒယ်တိုရို ကွယ်လွန်ပြီးနောက် ကမ္ဘာ့အသက်အကြီးဆုံးလူသား ဖြစ်လာကြောင်း ဂင်းနက်စ်က ၎င်း၏ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အသက်အကြီးဆုံး

ယခုအခါ သူမသည် မိသားစုနှင့်အတူ ကျန်းမာစွာနေထိုင်လျက်ရှိကြောင်း၊ ၎င်းသည် ဇန်နဝါရီ ၂၄ရက်က ကမ္ဘာ့အသက်အကြီးဆုံးလူသားဖြစ်လာကြောင်း၊ ၎င်း၏အစ်မသုံးဦးနှင့် အစ်ကိုဖြစ်သူမှာ အသက်(၁၀၀)ကျော်နေထိုင်သွားခဲ့ကြောင်း တူဖြစ်သူ ဂျွန်စတီးဝပ်က ပြောကြားသည်။ အမ်အင်န်အေ၊ရိုက်တာ

ကမ္ဘာ့ အသက်အကြီးဆုံး အမျိုးသမီးဖြစ်သည့် အမ်မာဖရပ်စ်တေးမန်းအား သမီးဖြစ်သူနှင့်အတူ ဇန်နဝါရီ ၂၆ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

■ *ကျောဖုံးမှ*

သုံးဂိုးသွင်းယူ

မကွေးတိုင်းအသင်းအတွက် ပထမဂိုးကို ပွဲစပြီး ၄ မိနစ်အကြာတွင် အောင်ဝင်းက သွင်းယူပေးသည်။ ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်းအတွက် ပထမဂိုးကို ပွဲချိန် ၂၅ မိနစ်တွင်လည်းကောင်း၊ ဒုတိယဂိုးကို ပွဲချိန် ၃၆ မိနစ်တွင်လည်းကောင်း၊ စတုတ္ထဂိုးကို ပွဲချိန် ၈၅ မိနစ်တွင်လည်းကောင်း စိုင်းကျော်သူရအောင်က သွင်းယူပေးသည်။ တတိယဂိုးကို ပွဲချိန် ၄၅ မိနစ်တွင် ထွန်းထွန်းဝင်းက သွင်းယူပေးသည်။ ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းအတွက် သုံးဂိုး(ဟက်ထရစ်) သွင်းယူပေးသော စိုင်းကျော်သူရအောင်က ဗိုလ်လုပွဲတွင် အကောင်းဆုံးဘောလုံးသမားဆု ရရှိသွားသည်။

ပေးအပ်ချီးမြှင့်

ဗိုလ်လုပွဲအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ပြိုင်ပွဲကျင်းပရေးတာဝန်ခံ ဦးတင်အောင်(ဂိုး)က ဗိုလ်လုပွဲစဉ်၏ အကောင်းဆုံး ဘောလုံးသမားဆုရရှိသော ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်းမှ စိုင်းကျော်သူရအောင်အားလည်းကောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး (ယှဉ်/လေ့) ဦးနော်တောင်က တတိယရရှိသော စစ်ကိုင်းတိုင်းအသင်းအား တစ်ဦးချင်းဆုတံဆိပ်များကို လည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က ဒုတိယရရှိသော မကွေးတိုင်းအသင်းအား တစ်ဦးချင်း ဆုတံဆိပ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

အကောင်းဆုံးဆု

ထို့နောက် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပထမရရှိသော ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အကောင်းဆုံး ဂိုးသမားဆုရ အောင်မျိုးဟန် (ရှမ်းပြည်နယ် တောင်ပိုင်း)၊ အကောင်းဆုံးနောက်တန်းဆုရ ထွန်းထွန်းနိုင် (မကွေးတိုင်း)၊ အကောင်းဆုံး အလယ်တန်းဆုရ ထွန်းထွန်းနိုင် (စစ်ကိုင်းတိုင်း)၊ ရှေ့တန်း အကောင်းဆုံးဆုရ နမ်းဝေအောင် (ရန်ကုန်တိုင်း)နှင့် ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံး ဘောလုံးသမားဆုရ ထွန်းထွန်းနိုင် (စစ်ကိုင်းတိုင်း) တို့အား ဆုတံဆိပ်နှင့် ငွေကျပ် ငါးသောင်းစီ ပေးအပ်ချီးမြှင့်သည်။

တံခွန်စိုက်ဒိုင်းဆု

ထို့နောက် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အသန့်ရှင်းဆုံး အသင်းဆုရရှိသော စစ်ကိုင်းတိုင်းအသင်းအား ဆုဖလားနှင့် ငွေကျပ်သုံးသိန်းကို လည်းကောင်း၊ တတိယဆုရရှိသော စစ်ကိုင်းတိုင်း အသင်းအား ငွေကျပ် ၁၀ သိန်းကို လည်းကောင်း၊ ဒုတိယဆုရရှိသော မကွေးတိုင်းအသင်းအား ငွေကျပ် ၁၅ သိန်းကိုလည်းကောင်း၊ ပထမဆုရရှိသော ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်းအား ငွေကျပ် ၂၅ သိန်း၊ တံခွန်စိုက်ဒိုင်းဆုနှင့် ဆင့်ပွားဒိုင်းဆုတို့ကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

တစ်ကျော့ပြန်ဗိုလ်စွဲ

ပထမဆုရရှိသွားသော ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းသည် ဗိုလ်လုပွဲသို့ သုံးနှစ်ဆက်တိုက် တက်ရောက်နိုင်ခဲ့သော်လည်း ၂၀၀၅ ခုနှစ် ပြိုင်ပွဲနှင့် ၂၀၀၆ ခုနှစ်ပြိုင်ပွဲတို့တွင် ဒုတိယဖြင့်သာ ကျေနပ်ခဲ့ရသည်။ ယခုပြိုင်ပွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်း ပြည်ထောင်စုဒိုင်းဆုကြီး ဆွတ်ခူးခြင်းသည် ၂၀၀၃ ခုနှစ်ပြိုင်ပွဲ၌ ပြည်ထောင်စုဒိုင်းဆုကြီး ဆွတ်ခူးပြီးနောက် လေးနှစ်အကြာတွင် တစ်ကျော့ပြန် ဗိုလ်စွဲနိုင်ခြင်းဖြစ်သည်။

ဆုပေးပွဲအပြီးတွင် အနိုင်ရ ဗိုလ်စွဲသွားသော ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းမှ အုပ်ချုပ်သူ ဦးမောင်မောင်လောက် (ကမ္ဘောဇ) နှင့် နည်းပြချုပ် ဦးခင်မောင်သန်းတို့အား တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

ဝမ်းသာဂုဏ်ယူ

ရှေးဦးစွာ အုပ်ချုပ်သူဦးမောင်မောင်လောက်(ကမ္ဘောဇ)က ပြောကြားရာ **"ယမန်နှစ်ပြိုင်ပွဲက ဒုတိယနှင့် ကျေနပ်ခဲ့ရသဖြင့် မချင့်မရဲဖြစ်ခဲ့ရကြောင်း၊ ဒုတိယနှင့် ပြန်ရသည်မှာ နှစ်ကြိမ်ရှိပြီဖြစ်ကြောင်း၊ ယခုပြိုင်ပွဲ၌ ပြည်နယ်မှ တာဝန်ရှိသူများ၏ ပံ့ပိုးမှုနှင့် အားကစားသမားများ၏ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်မှုနှင့် ဖွဲ့သတ္တိ အပြည့်ဖြင့် ကြိုးစားယှဉ်ပြိုင်ခဲ့၍ ဗိုလ်စွဲခြင်းဖြစ်ကြောင်း၊ ပြည်နယ်ဂုဏ်ဆောင်နိုင်၍ ဝမ်းသာဂုဏ်ယူမိပါကြောင်း"** ပြောကြားသည်။

ဆက်လက်၍ နည်းပြချုပ် ဦးခင်မောင်သန်းကပြောကြားရာ **"အနိုင်ရ ဗိုလ်စွဲသည့်အတွက် ပြောမပြတတ်အောင် ဝမ်းသာပါကြောင်း၊ ယမန်နှစ်ပြိုင်ပွဲ၌ ပယ်နယ်တီဖြင့် ရှုံးပြီး ဒုတိယဖြင့် ကျေနပ်ခဲ့ရသဖြင့် စိတ်ထဲ၌ မချိတင်ကဲခံစားခဲ့ရကြောင်း၊ နည်းပြတစ်ဦးအနေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းကို ပြည်ထောင်စုဒိုင်း နှစ်ကြိမ်ရယူပေးနိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ ပထမဂိုးပေးလိုက်ရသည်မှာ မိမိတို့ ကစားသမားများ လူကပ်ကစားမှု အားနည်း၍ ဖြစ်ကြောင်း၊ တစ်ဂိုးပေးလိုက်ရပြီးနောက် လိုအပ်ချက်များကို မှာကြားပြီး လူကပ်ကစားနိုင်ခဲ့၍ မိမိတို့ကစားကွက် ပြန်မိပြီး ချေပဂိုးနှင့် အနိုင်ဂိုးများ ရရှိခဲ့ကြောင်း၊ မိမိတို့အသင်း၌ လူဟောင်း ခုနစ်ဦး ပြန်လည် ပါဝင်လာကြောင်း၊ ကစားသမားများ၏ ပျမ်းမျှအသက်မှာ ၂၄ နှစ်ခန့်ဖြစ်ပါကြောင်း"** ပြောကြားသည်။

ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ဘောလုံးသမားဆုရ စစ်ကိုင်းတိုင်းအသင်းမှ အလယ်တန်းကစားသမား ထွန်းထွန်းနိုင်အား အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ဆုချီးမြှင့်ပြီး နှုတ်ဆက်စဉ်။

ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး(မြန်မာ့အလင်း)

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား စင်ကာပူမှ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၉

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား စင်ကာပူသမ္မတနိုင်ငံ NTEGRATOR Pte Ltd. မှ Managing Director Mr, Jimmy Chang ဦးဆောင်သောအဖွဲ့သည် ယနေ့ညနေ ၃ နာရီခွဲက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံရာသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်၊ ရုံးအဖွဲ့မှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

အနိုင်ရ ဗိုလ်စွဲသွားသော ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်း ဆုယူအပြီး ဤသို့ အောင်ပွဲခံ ပျော်မြူးခဲ့ကြသည်။

ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး (မြန်မာ့အလင်း)

ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်း

(၅၂)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း ပြည်ထောင်စုဒိုင်း ဘောလုံးပြိုင်ပွဲ၌ အနိုင်ရဗိုလ်စွဲသွားသော ရှမ်းပြည်နယ်(တောင်ပိုင်း) ဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်၊ အုပ်ချုပ်သူအဖြစ် ဦးမောင်မောင်လောက် (ကမ္ဘောဇ)၊ အတွင်းရေးမှူးအဖြစ် ဦးမောင်မောင်ဝင်း၊ နည်းပြချုပ်အဖြစ် ဦးခင်မောင်သန်း၊ လက်ထောက်နည်းပြအဖြစ် ဦးညွန့်တင်၊ အားကစားသမားများအဖြစ် အောင်မျိုးဟန် **(ဂိုး)**၊ သက်နိုင်ဦး **(ဂိုး)**၊ ကျော်ဇေယျ၊ မောင်ထွန်း၊ ကျော်မျိုးထွန်း၊ မျိုးမင်းလတ်၊ အေးမင်းစိုး၊ ကြည်သာ၊ ဉာဏ်လင်း၊ ဇော်ပြေငြိမ်း၊ ထွန်းထွန်းနိုင်၊ ရွှေဘော်၊ ဇာနည်ကျော်ဌေးမြင့်၊ မောင်သိန်း၊ ရဲလင်း၊ ထွန်းဝင်း (အသင်းခေါင်းဆောင်)၊ ထွန်းထွန်းဝင်း၊ ညီညီထွဋ်၊ သက်အောင်၊ စိုင်းကျော်သူရအောင်တို့ ပါဝင်ကစားခဲ့ကြကြောင်း ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

(၅၂)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း ပြည်ထောင်စုဒိုင်း အမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်းက မကွေးတိုင်းအသင်းဘက်သို့ ဤသို့ စတုတ္ထမြောက်ဂိုး သွင်းယူခဲ့သည်။

ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး (မြန်မာ့အလင်း)

ကိုးဘွဲ့ရဆရာတော် ဖေဖော်ဝါရီလ ဓမ္မခရီး

ရန်ကုန် ဇန်နဝါရီ ၂၉

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်ကြီးမှ နိုင်ငံတော်ဘွဲ့တံဆိပ်တော်ကိုးဘွဲ့ရ ဓမ္မကထိကဆရာတော် အရှင်အာစာရာလင်္ကာရ အရှင်မြတ်သည် ဖေဖော်ဝါရီ ၁ ရက် ညနေ ၄ နာရီတွင် ချောင်းဦးမြို့ ရွှေပြည်သာ ဓမ္မဗိမာန်မွေးနေ့အလှူပွဲ၊ ည ၇ နာရီတွင် မုံရွာမြို့ ဗောဓိတစ်ထောင်ဆရာတော်ကြီး၏ မွေးနေ့အလှူပွဲ၊ ၂ ရက်နှင့် ၃ ရက်တို့တွင် သထုံမြို့ ရွှေစာရံဘုရားရင်ပြင် အထူးပွဲ၊ ၄ ရက် ညနေ ၆ နာရီ တာမွေ ကျောက်မြောင်း ၁၄၇ လမ်း အရိုးကုန်းရပ်ကွက် ဆည်းဆာပွဲ၊ ည ၈ နာရီတွင် ပုဇွန်တောင် ဘုရားဖြူစာသင်တိုက် စာပြန်ပွဲ၊ ၅ ရက်တွင် မင်္ဂလာတောင်ညွန့် ကန်တော်ကလေး ၉၁ လမ်း အထူးပွဲ၊ တော်ဝင်အိမ်ရာ သန္တိသုခဓမ္မာရုံ၊ ၆ ရက်၊ ၇ ရက်၊ ၈ ရက်တို့တွင် သဲတောမြို့ အထူးတရားပွဲ၊ ၉ ရက်နှင့် ၁၀ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) ၄၁ ရပ်ကွက် ဦးဝိစာရလမ်း၊ ၁၁ ရက် ညနေ ၆ နာရီတွင် မြေနီကုန်း စမ်းချောင်း ဗိုလ်မိုးလမ်း ဓမ္မာရုံ ဆည်းဆာပွဲ၊ ည ၈ နာရီတွင် မင်္ဂလာတောင်ညွန့် ကျိုက်တော်ရပ် ပုဇွန်တောင်၊ သပြေကန် ဆရာတော်ကြီးကျောင်း ညပွဲ၊ ၁၂ ရက်တွင် မင်္ဂလာတောင်ညွန့် ကန်တော်ကလေး မန္တလေးလမ်း အထူးပွဲ၊ ၁၃ ရက်တွင် မင်္ဂလာဒုံမြို့ ၃/ခ ရပ်ကွက် ပဲခူး မင်္ဂလာသိပ္ပံကျောင်း အထူးပွဲ၊ ၁၄ ရက်တွင် ဗဟန်း ကြားတောရလမ်း ရွှေတိဂုံဘုရား အရှေ့မုခ်ရှိ မင်္ဂလာဈေးဓမ္မာရုံ၊ ၁၅ ရက်တွင် ဆိပ်ကြီးခနောင်တိုမြို့ အထူးတရားပွဲတို့၌ တရားတော်များ ဟောကြားတော်မူမည်ဖြစ်ပြီး တရားပွဲရက် ရရှိပြီးသူများသည် ကိုးဘွဲ့ရဆရာတော် ဖုန်း–၀၉၂၁–၃၀၈၉၅၊ ၀၁–၇၀၈၄၀၃ တို့သို့ ကြိုတင်ဆက်သွယ်ကြရန်ဖြစ်ကြောင်း သိရသည်။

(က–ပ)

လုပ်ငန်းတာဝန်များ အဂတိတရားကင်းရှင်းစွာ ဆောင်ရွက် ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျလုပ်ကိုင်

နေပြည်တော် ဇန်နဝါရီ ၂၉

စာရင်းစစ်ချုပ်ရုံး ပြည်နယ်နှင့်တိုင်းညွှန်ကြားရေးမှူးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီက နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်း၊ ညွှန်ကြားရေးမှူးချုပ်ဦးမျိုးမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဒေါ်သန်းသန်းအေးနှင့် ဦးသိန်းမြင့်၊ စာရင်းစစ်ချုပ်ရုံးနှင့် ပြည်နယ်နှင့်တိုင်းများမှ ညွှန်ကြားရေးမှူးများနှင့် ဒုတိယညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

ဖော်ထုတ်တင်ပြ

ရှေးဦးစွာ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က ဝန်ထမ်းများအနေဖြင့် မိမိတို့၏လုပ်ငန်းတာဝန်များကို အဂတိတရားကင်းရှင်းစွာဖြင့် ကျေပွန်အောင် အစဉ်တစိုက်ကြိုးပမ်း ဆောင်ရွက်ကြရန်၊ ဝန်ကြီးဌာနအဖွဲ့ အစည်းများ၏ နှစ်ချုပ်စာရင်းကို စစ်ဆေးသည့်အခါ ဥပဒေစည်းမျဉ်း စည်းကမ်းများနှင့် အညီ စနစ်တကျလုပ်ကိုင် ဆောင်ရွက်ကြစေရန်နှင့် မှန်မှန်ကန်ကန် မျှမျှ တတစစ်ဆေး ဖော်ထုတ်တင်ပြကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်နယ်နှင့်တိုင်း ညွှန်ကြားရေးမှူးများက မိမိတို့၏ ပြည်နယ်၊ တိုင်းများနှင့် စပ်လျဉ်း၍ ၂၀၀၆ခုနှစ် တတိယလေးလပတ်ကာလအတွင်း ဌာနအဖွဲ့အစည်းများအား စစ်ဆေးအစီရင်ခံနိုင်မှု အခြေအနေ၊ အရေးကြီးသော စစ်ဆေးတွေ့ရှိချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ အဖွဲ့ အစည်းများ၏ အရေးယူဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ စာရင်းရုံးဝန်ထမ်းအင်အား အခြေအနေ၊ ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ တည်ဆောက်မှုအခြေအနေနှင့် ယခင်အစည်းအဝေး ဆုံးဖြတ်ချက်အပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို ဆွေးနွေးတင်ပြကြရာ ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်းက ဖြည့်စွက်ရှင်းလင်းမှာကြားသည်။

ဖြည့်ဆည်းမှာကြား

ယင်းနောက်စာရင်းစစ်ချုပ်ဗိုလ်ချုပ်လွန်းမောင်က ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ဖြည့်ဆည်းမှာကြား ကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ပြီး နိဂုံးချုပ် အမှာစကားပြောကြား သည်။

ကာ လုပ်ငန်းညှိနှိုင်း အစည်းအဝေး **(သတင်းစဉ်)**

စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် စာရင်းစစ်ချုပ်ရုံး ပြည်နယ်နှင့်တိုင်း ညွှန်ကြားရေးမှူးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဆွမ်းဆန်စိမ်း လောင်းလှူမည်

ရန်ကုန် ဇန်နဝါရီ ၂၉

ဗဟန်းမြို့နယ် ဗိုလ်ချို(၁)ရပ်ကွက် အောင်မြေသုခ ကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်ထားသော လောကမုနိအောင်မြေချမ်းသာရ ဆုတောင်းပြည့်ဘုရားကြီး တတိုင်းရစေတီတော်၊ နဂါးရုံဘုရား၊ အောင်ဇမ္ဗူစကြာဘုရားတို့အား ဆဋ္ဌမအကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့်ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ဆီမီး၉၀၀၀၊ ပန်း၉၀၀၀ ဆက်ကပ်ခြင်းကို(၁၃၆၈ခုနှစ် တပို့တွဲလပြည့်ကျော်၃ရက်) ဖေဖော်ဝါရီ၄ရက် ညနေ ၄နာရီတွင် သံဃာတော်အရှင်သူမြတ် ၁၀၁ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

မော်လမြိုင်မြို့ သာသနာ(၂၅၀၀)စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်နှင့်ထီးတော်သစ်တင်လှူပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၉

မွန်ပြည်နယ် မော်လမြိုင်မြို့ စစ်ကဲကုန်းရပ်ကွက်ရှိ သာသနာ(၂၅၀၀) စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်၊ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်နှင့် ထီးတော်သစ်တင်လှူပူဇော်ပွဲတို့ကို ဖေဖော်ဝါရီ ၅ရက်တွင် ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၃ရက်မှ ၅ရက်အထိ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ထီးတော်သစ်တင်လှူပွဲအတွက် သာသနာ(၂၅၀၀)စေတီတော်မြတ်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော်ဘဒ္ဒန္တတေဇနိယ ဖုန်း-၀၅၇-၃၄၀၇၉၊ ဥက္ကဋ္ဌ ဦးမင်းချစ်ငွေ ဖုန်း-၀၅၇-၂၄၁၄၁၊ အတွင်းရေးမှူး ဦးထွန်းအုံး ဖုန်း-၀၅၇-၂၄၁၆၃နှင့် ဘဏ္ဍာရေးမှူး ဦးမောင်ရောင် ဖုန်း-၀၅၇-၂၅၇၄၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ညောင်ဦးမြို့ ရွှေစည်းခုံဘုရား ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းနိုင်

ရန်ကုန် ဇန်နဝါရီ ၂၉

မန္တလေးတိုင်း ညောင်ဦးမြို့ သမိုင်းဝင် ရွှေစည်းခုံဘုရား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန် ရွှေစည်းခုံဘုရား ဂေါပကအဖွဲ့က ငွေကျပ်သိန်း၂၀၀၀ ကျော် အကုန်အကျခံကာ စတင်ဆောင်ရွက်လျက်ရှိရာ ကြေးဂူတိုက်များနှင့် ကြာသွပ်အိုးများကို ရွှေသင်္ကန်းကပ်လှူပြီးစီးသွားပြီဖြစ်ရာ ကြာကန်ကြီး၊ ကြေးဝိုင်း၊ ရှစ်မြှောင့်ချိုး၊ ပစ္စယာသုံးဆင့်တို့ကို ရွှေသင်္ကန်းကပ်လှူ ရန်အလှူငွေများ လိုအပ်နေပါသဖြင့် ယခုအခါ ညောင်ဦးနှင့်ရန်ကုန် အလှူခံဌာနတို့မှ ရရှိငွေကျပ်သိန်း ၅၂၀ကျော်ဖြင့် စေတီတော်ကြီး ငှက်ပျောဖူးမှ ဖိနပ်တော်အထိ မျက်ပါး ရွှေအစစ်ကပ်လှူရန် စီစဉ်နေသဖြင့် လှူဒါန်းလိုသူများသည် မျက်ပါးရွှေတစ်ဆိုင်းလျှင် ငွေကျပ်၂၂၀၀၀၊ ၁၂ လက်မပတ်လည်ရွှေချပြီး တစ်ချပ်လျှင် ငွေကျပ်၁၀၀၀၀နှင့် ကိုးလက်မ ပတ်လည်ရွှေချပြီး တစ်ချပ်လျှင် ငွေကျပ် ၇၀၀၀တို့ဖြင့် အတွင်းရေးမှူး ညောင်ဦးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဖုန်း-၀၆၁-၆၀၂၆၁၊ ဥက္ကဋ္ဌ ရွှေစည်းခုံဘုရားဂေါပကအဖွဲ့ ညောင်ဦးမြို့ ဖုန်း-၀၆၁-၆၀၈၂၅၊ ဦးစိုးဝင်း (စဥ့်ကူစိုးဝင်း) စုပေါင်းရုံးဝင်း အင်းစိန်မြို့ ဖုန်း-၀၁-၆၄၂၈၅၈၊ ၆၄၀၄၈၇နှင့် ၆၄၀၄၈၉တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မေ့ဆေးပညာ ဉာဏ်သစ်လောင်းသင်တန်း ဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာနိုင်ငံ မေ့ဆေးဆရာဝန်များအဖွဲ့ (မြန်မာနိုင်ငံဆရာဝန်အသင်း)သည် World Federation of Societies of Anaesthesiologist Bangkok Anaesthesia Regional Training Centre (WFSA-BARTC)မှ ဆရာဝန်ကြီးများနှင့်ပူးပေါင်း၍ ဖေဖော်ဝါရီ၁ရက် နံနက်၈နာရီခွဲမှစပြီး ရန်ကုန်မြို့ Parkroyalဟိုတယ် Grand Ballroom(၁)နှင့်(၂)တွင် ဉာဏ်သစ်လောင်းသင်တန်းဖွင့်လှစ်ပို့ချပေးမည်ဖြစ်ရာ အဖွဲ့ဝင် မေ့ဆေးဆရာဝန်များအားလုံး တက်ရောက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံစည်းရုံးရေး သင်တန်းအမှတ်စဉ်(၂၈) သင်တန်းဆင်းပွဲတွင် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်မောင်ဝင်း ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန
သစ်တောဦးစီးဌာန
တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)(၁၀၁)နှစ်မြောက်မွေးနေ့

(၆-၂-၂၀၀၇)ရက်နေ့မှ (၁၀-၂-၂၀၀၇)အထိ ကျင်းပမည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၈) အခြေခံပညာ မူလတန်း ကျောင်း၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ၂၈ရက်က ကျင်းပရာ ငါးနှစ်ဆက်တိုက် ထူးချွန်ဆုရရှိသူ မမမမိုးထက်အောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေးက ဆုချီးမြှင့်စဉ်။ (က-ပ)

ကျောက်ကြီးမြို့နယ်အတွင်း သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံး နင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူတစ်ဦး ခြေထောက်ပြတ်ဒဏ်ရာရရှိ

နေပြည်တော် ဇန်နဝါရီ ၂၉

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများအား သေကျေ၊ ဒဏ်ရာရ၊ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့် လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြုဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ၂၅ရက် ညနေ၃နာရီခန့်က ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် မြောင်ဦးကျေးရွာမှ ဦးကျော်လွင် အသက်(၃၅)နှစ်သည် မုန်းချောင်းအတွင်း ငါးဖမ်းပြီးအပြန် တောတွင်းတစ်နေရာ၌ သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပေါက်ကွဲပြီး ဦးကျော်လွင်၏ ဘယ်ဘက်ခြေထောက် ခြေချင်းဝတ်မှ ပြတ်၍ ဒဏ်ရာရရှိခဲ့သည်။

ပံ့ပိုးကူညီ

မိုင်းထိလူနာအားတာဝန်ရှိသူများက မုန်းတိုက်နယ်ဆေးရုံသို့ပို့ဆောင်၍ ဆေးဝါးကုသမှုနှင့် လိုအပ်သော ပံ့ပိုးကူညီမှုများဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူအဖျက်သမားများအား တာဝန်ရှိသူများနှင့်ဒေသခံပြည်သူများက သတင်းဖော်ထုတ်ရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ စံကျောင်းတော်ရှိ အလောင်းတော်ကဿပအား ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

*** ရှေ့ဖုံးမှ**

ဆက်လက်၍ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ရေလှောင်တမံစီမံကိန်းများမှရရှိသည့် လျှပ်စစ်ဓာတ်အားများကို မဟာဓာတ်အားလိုင်းစနစ်အတွင်း ထည့်သွင်းဖြန့်ဖြူးသွားမည့် စီမံထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တိုင်းမှူး ဗိုလ်ချုပ်သာအေးတို့က စီမံကိန်းဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

အချိန်ကိုက်ရရှိရေးဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ်က သတ်မှတ်ကာလထက် စီမံကိန်းလုပ်ငန်းများ စော၍ပြီးစီးအောင် ဆောင်ရွက်နိုင်ရေး၊ တမံပြီးသည်နှင့် ဆည်ရေသောက်စနစ်ပါ ပြီးစီးရေး၊ ထုတ်ယူရရှိမည့် ဓာတ်အားကို ဒေသအတွင်း ဖြန့်ဖြူးရေးနှင့် မဟာဓာတ်အားလိုင်းအတွင်းသို့ ဆက်စပ်ထည့်သွင်းရေး၊ ရေအားလျှပ်စစ်တာဘိုင်များနှင့် ပစ္စည်းများ အချိန်ကိုက်ရရှိရေးတို့အတွက် ပြင်ဆင်ဆောင်ရွက်ထားရေး စသည့် လုပ်ငန်းကိစ္စများကို မှာကြားပြီး စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုများ၊ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

လှူဒါန်း

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အလှူငွေများကို အလောင်းတော်ကဿပ ဂေါပကအဖွဲ့ဝင်များထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်းမှာ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၄၀ ထုတ်ယူနိုင်အားရှိမည့်အပြင် စိုက်ပျိုးမြေဧက ၁၂၀၀၀ ကိုလည်း ဆည်ရေပေးဝေနိုင်မည့် စီမံကိန်းဖြစ်သည်။

ဂန့်ဂေါပြည်သူ့ဆေးရုံ

ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီတွင် ဂန့်ဂေါမြို့သို့ ရောက်ရှိကြပြီး ရှေးဦးစွာ ပြည်သူ့ဆေးရုံသို့သွားရောက်၍ အမျိုးသား လူနာဆောင်ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းရွှေဝင်းက လက်ရှိ ခုတင်(၅၀)ဆံ့ ဆေးရုံအတွက် တိုးချဲ့လူနာဆောင် ဆောက်လုပ်ရန် လျာထားမှုနှင့် မြေနေရာအနေအထားများကို ရှင်းလင်းတင်ပြပြီး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ခုတင်(၅၀)ဆံ့ ဆေးရုံမှ ခုတင်(၁၀၀)ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်ရာ၌ လိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဝန်ကြီးချုပ်က နိုင်ငံတော်က ဂန့်ဂေါဆေးရုံကို ခုတင်(၁၀၀)ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်ပေးလိုက်ပြီဖြစ်ရာ ခုတင်(၁၀၀)ဆံ့နှင့် လျော်ညီသော အဆောက်အအုံများနှင့် ဆေးပစ္စည်းများကို ထည့်သွင်းတည်ဆောက်သွားရမည်ဖြစ်၍ ဆေးရုံ၏ လက်ရှိအဆောက်အအုံအနေအထားနှင့် မြေအကျယ်အဝန်းတို့ဖြင့် လုံလောက်မှုရှိ မရှိ၊ အဆောက်အအုံများ မည်သို့တိုးချဲ့မည်ကို စနစ်တကျစီမံရန် မှာကြားပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဂန့်ဂေါမြို့ မြစ်သာခန်းမ၌ ဂန့်ဂေါခရိုင်နှင့် ဂန့်ဂေါ၊ ထီးလင်း၊ ဆော၊ ကျောက်ထုမြို့တို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ဆက်လက်ကြိုးပမ်း

တွေ့ဆုံပွဲတွင် ဝန်ကြီးချုပ်က နည်းပညာတက္ကသိုလ်(မုံရွာ)ဖွင့်ပွဲ၊ ကျောရေမျက်နီရထားလမ်းပိုင်းနှင့် ပုံညာတောင် ဥမင်ဖွင့်ပွဲ အခမ်းအနားများကို တက်ရောက်ရင်း ဂန့်ဂေါဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးနိုင်ရန်ရောက်ရှိလာမှု၊ နယ်စပ်ဒေသများပါမကျန် နိုင်ငံတော်၏ ဒေသအသီးသီး မျှမျှတတဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အပိုင်းက အားထုတ်ကြိုးပမ်းဆောင်ရွက်ပေးနေမှု၊ နောင်ပြောင်းလဲဖြစ်ပေါ်လာမည့် ဒီမိုကရေစီနိုင်ငံတော်၏ အုပ်ချုပ်ရေးနှင့်လျော်ညီအောင် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်အား ပြောင်းလဲလေ့ကျင့် တာဝန်ပေးအပ်နေမှုများနှင့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် ညင်သာစွာ အသွင်ကူးပြောင်းရေးအတွက် ချမှတ်ထားသော မူဝါဒလုပ်ငန်းစဉ်များအတိုင်း တက်ညီလက်ညီ အရှိန်အဟုန်ရှိရှိ ဆက်လက်ကြိုးပမ်းရန် အရေးကြီးပုံ၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်နှင့် ပြည်နယ်၊ တိုင်း အုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်သည် ပြည်သူ့အကျိုးအတွက် မိမိတို့၏ လုပ်ကိုင်ဆောင်ရွက်မှုများကို ပြည်သူများအား သက်သေပြရန်၊ ပြည်သူများနှင့် အမြဲထိတွေ့စောင့်ရှောက်ကြရန် လိုအပ်ပုံတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဂန့်ဂေါခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအင်းကြူနှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းပေးရန်လိုအပ်သည့် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ပိုမိုထိရောက်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ်က ဂန့်ဂေါဒေသအတွင်း ကားလမ်း၊ ရထားလမ်းများ တိုးတက်ကောင်းမွန်အောင် လုပ်ကိုင်ဆောင်ရွက်နေသကဲ့သို့ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ခုတင်(၅၀)ဆံ့ ဂန့်ဂေါဆေးရုံကို ခုတင်(၁၀၀)ဆံ့ ဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင်ပေးလိုက်ပြီးဖြစ်ကြောင်း။

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း စံကျောင်းတော်ရှိ အလောင်းတော်ကဿပအား ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထို့အတူ ဒေသအတွင်းတည်ရှိသော တိုက်နယ်ဆေးရုံနှင့် ကျေးလက်ကျန်းမာရေးဌာနများ၌လည်း လိုအပ်သောဆေးနှင့် ဆေးပစ္စည်းများပြည့်စုံရန် စီမံပေးသွားမှာဖြစ်ကြောင်း။

ပညာရေးအပိုင်းအနေဖြင့်လည်း ယောဒေသအတွင်း ပညာတတ်လူ့အရင်းအမြစ်များ မွေးထုတ်ရာ၌ နည်းပညာနှင့်စပ်လျဉ်း၍ ကျွမ်းကျင်သူ အတတ်ပညာရှင်များ မွေးထုတ်နိုင်ရန်အတွက် နိုင်ငံတော်က ဂန့်ဂေါမြို့၌ စက်မှုလက်မှုသိပ္ပံ ဖွင့်လှစ်ရန် စီမံထားပြီးဖြစ်ကြောင်း။

ကြိုးပမ်းလုပ်ကိုင်

ဒေသခံပြည်သူများအပိုင်းကလည်း နိုင်ငံတော်၏ စေတနာနှင့် ဆောင်ရွက်ပေးမှုများအပေါ် နားလည်သဘောပေါက်ခံယူပြီး ဒေသဖွံ့ဖြိုးရေး၊ ဒေသတွင်းစီးပွားရေးခိုင်မာတောင့်တင်းရေးတို့အတွက် ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်ကြရန် မှာကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့

မြစ်သာ ရေလှောင်တမံ ဘက်စုံစီမံကိန်း

မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်းမှာ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၄၀ ထုတ်ယူနိုင်အားရှိမည့်အပြင် စိုက်ပျိုးမြေဧက ၁၂၀၀၀ ကိုလည်း ဆည်ရေ ပေးဝေနိုင်မည့် စီမံကိန်းဖြစ်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဂန့်ဂေါမြို့ မြစ်သာခန်းမ၌ ဂန့်ဂေါခရိုင်နှင့် ဂန့်ဂေါ၊ ထီးလင်း၊ ဆော၊ ကျောက်ထုမြို့တို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မဏိပူရ ရေလှောင်တမံ ဘက်စုံစီမံကိန်း

လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၈၀ ထုတ်ယူနိုင်ရန်၊ မြစ်သာမြစ်လွင်ပြင်၌ နှစ်စဉ်ရေကြီးမှုကို ကာကွယ်နိုင်ရန်၊ ကလေးဝအောက်ပိုင်း မြစ်တစ်လျှောက် ရေကြီးမှုကို လျှော့ချနိုင်ရန်နှင့် လယ်မြေဧက ငါးသောင်းခန့်ကို စိုက်ပျိုးရေပေးဝေနိုင်ရန် ဟူသည့် ရည်ရွယ်ချက်များဖြင့် မဏိပူရ ရေလှောင်တမံ ဘက်စုံ စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်။

စာမျက်နှာ ၇ မှ

တွေ့ဆုံပွဲအပြီးတွင် ဂန့်ဂေါမြို့မှ စစ်ကိုင်းတိုင်း ကလေးမြို့နယ်ရှိ မဏိပူရ ရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရဟတ်ယာဉ်များဖြင့်ရောက်ရှိကြပြီး ရေလွှဲဥမင် အမှတ်(၁)နှင့် အမှတ်(၂) အထွက်ပိုင်းတို့ကို စက်ယန္တရားများဖြင့် တူးဖော်နေမှုများအား ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ရေလွှဲဥမင် အမှတ်(၁)နှင့် အမှတ်(၂) အဝင်ပိုင်းတို့ကို စက်ယန္တရားများဖြင့် တူးဖော်နေမှုများကိုလည်းကောင်း၊ စီမံကိန်းအကြို တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ဆည်မြောင်းဦးစီးဌာနအပိုင်းက တာဝန်ယူဆောင်ရွက်သွားရမည့် လုပ်ငန်းများ၊ ရေအား လျှပ်စစ်လုပ်ငန်းများ၌ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄) ညွှန်ကြားရေးမှူး ဦးဗစ်တာက ရေလွှဲဥမင်၊ ရေအားလျှပ်စစ်ဥမင် ဖောက်လုပ်ရေးဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

အားထုတ်ဆောင်ရွက်

ထို့နောက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ရေအားလျှပ်စစ် ထုတ်ယူရရှိရေးအတွက် ဆည်မြောင်းဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးချုပ်က ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများအနက် မြန်မြန်ပြီးနိုင်သည့် စီမံကိန်းများကို မြန်မြန်ပြီးစီးအောင် ဆောင်ရွက်ပြီး ထမံသီ၊ မဏိပူရကဲ့သို့ စီမံကိန်းကြီးများကို ပိုမိုစုစည်းအားဖြည့်၍ အားထုတ်ဆောင်ရွက်ကြရန် မှာကြားသည်။

မဏိပူရရေလှောင်တမံကို ကလေးမြို့နယ် ကမ္ဘားနီတံတားအထက်ဘက် သုံးမိုင်ခန့်အကွာ မဏိပူရမြစ်ပေါ်၌ တည်ဆောက် အကောင်အထည်ဖော်နေခြင်းဖြစ်သည်။

အကောင်အထည်ဖော်

လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၈၀ ထုတ်ယူနိုင်ရန်၊ မြစ်သာမြစ်လွင်ပြင်၌ နှစ်စဉ်ရေကြီးမှုကို ကာကွယ်နိုင်ရန်၊ ကလေးဝအောက်ပိုင်း မြစ်တစ်လျှောက် ရေကြီးမှုကို လျှော့ချနိုင်ရန်နှင့် လယ်မြေဧက ငါးသောင်းခန့်ကို စိုက်ပျိုးရေပေးဝေနိုင်ရန် ဟူသည့် ရည်ရွယ်ချက်များဖြင့် မဏိပူရ ရေလှောင်တမံ ဘက်စုံ စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။

ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ယင်းနေ့ နံနက် ၇ နာရီခွဲကလည်း ကနီမြို့နယ်ရှိ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်သို့ ရောက်ရှိကြပြီး စံကျောင်းတော်ရှိ အလောင်းတော်ကဿပအား ဖူးမြော်ကြည်ညို၍ ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

အလှူငွေများလှူဒါန်း

ထို့နောက် ဝန်ကြီးချုပ်သည် အလှူငွေများကို ဂေါပကအဖွဲ့ဝင်များအား ပေးအပ်လှူဒါန်းသည်။

ယင်းနောက် အလောင်းတော်ကဿပလိုဏ်ဂူသို့ သွားရောက်ကြပြီး အလောင်းတော်ကဿပအား ရည်မှန်း၍ ပန်း၊ ဆီမီးများဖြင့် ကြည်ညိုကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အလောင်းတော်ကဿပ ဂေါပကအဖွဲ့ နာယကဆရာတော်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

မဏိပူရ ရေလှောင်တမံ

မဏိပူရ ရေလှောင်တမံ ဘက်စုံစီမံကိန်းကို တွေ့ရစဉ်။ (သတင်းစဉ်)

ပဥ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် သတ္တမအစည်းအဝေး ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ပထမအစည်းအဝေးနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ ဆွမ်းဆက်ကပ်လှူဒါန်းနိုင်

ရန်ကုန် ဇန်နဝါရီ ၂၉

ပဥ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်သတ္တမအစည်းအဝေး ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ပထမအစည်းအဝေးနှင့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များဆက်ကပ်လှူဒါန်းပူဇော်ပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို ဖေဖော်ဝါရီ၂၆ရက်မှ မတ်၂ရက်အထိ ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအစည်းအဝေးနှင့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပူဇော်ပွဲ အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ ပရဒေသီ ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများနှင့် ဘွဲ့တံဆိပ်တော်ခံယူတော်မူကြမည့် ဆရာတော်ကြီးများ၊ အထူးပင့် တိပိဋကဓရ၊ တိပိဋကကောဝိဒဆရာတော်ကြီးများ၊ ပဏ္ဍာသမဏသံဃာတော်များ စုစုပေါင်း ဆရာတော် သံဃာတော် ၉၇၃ ပါးခန့် ကြွရောက်တော်မူကြမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

ယင်းဆရာတော်ကြီးများအား ဆွမ်း ကွမ်းနှင့် အချိုရည် ဆက်ကပ်လှူဒါန်းလိုကြသော အလှူရှင်များသည် သံဃာတော်တစ်ပါးလျှင် တစ်နေ့တာ ငွေကျပ် ၂၂၀၀နှုန်းဖြင့် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဥတ္တရကုရုကျောင်းဆောင်ရှိ ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့ ဖုန်း-၆၆၀၇၉၉၊ ၆၆၀၉၉၈၊ ၆၆၀၁၄၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အလောင်းတော်ပဿပ ဂေါပကအဖွဲ့ နာယက ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၈ရက် နံနက်ပိုင်းက တပ်မတော်လေယာဉ်ဖြင့် မုံရွာမြို့မှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

ဝန်ကြီးချုပ်နှင့်အတူ စစ်ကိုင်းတိုင်းခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ၂၆ရက် ညပိုင်းတွင် မုံရွာမြို့ရှိ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ စစ်ကိုင်းတိုင်း မုံရွာခရိုင်၊ ရွှေဘိုခရိုင်၊ စစ်ကိုင်းခရိုင်နှင့် မြို့နယ်များမှ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များအား တွေ့ဆုံသည်။

ဆွေးနွေးမှာကြား

ယင်းသို့တွေ့ဆုံရာတွင် တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာဝင်းမြင့်အောင်နှင့် ခရိုင် အသင်း အတွင်းရေးမှူးများက အသင်းများ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြရာ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် အတွင်းရေးမှူး ဦးသိန်းဇော်နှင့် ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် သူရဦးအေးမြင့်နှင့် ဦးအောင်မင်းတို့က အမှာစကားပြောကြားကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး စစ်ကိုင်းတိုင်း မုံရွာခရိုင်၊ ရွှေဘိုခရိုင်၊ စစ်ကိုင်းခရိုင်နှင့် မြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များအား အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ဂန့်ဂေါပြည်သူ့ဆေးရုံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဂန့်ဂေါမြို့ ပြည်သူ့ဆေးရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

လိုအပ်သည်များမှာကြား

ထို့နောက် ဝန်ကြီးသည် တိုင်း၊ ခရိုင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများမှ ဝန်ထမ်းများ၊ တိုင်းရုပ်ရှင်လုပ်ငန်းစုရုံးမှ ဝန်ထမ်းများအား တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားသည်။

ထို့အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ဇန်နဝါရီ ၂၆ရက်တွင် ဟုမ္မလင်းမြို့သို့ ရောက်ရှိစဉ် မြို့နယ်ပြည်သူ့ဆေးရုံကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။

(သတင်းစဉ်)

မှတ်တမ်းတင်မှုများကြည့်ရှု

အလားတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဇန်နဝါရီ ၂၆ရက် ညနေပိုင်းက စစ်ကိုင်းတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ သွားရောက်ပြီး စစ်ကိုင်းတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်းဓာတ်ပုံများ၊ နံရံကပ်စာစောင် ပြသထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

နံရံကပ်စာစောင်ပြသထားမှုများ ကြည့်ရှု

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း စစ်ကိုင်းတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးတွင် မှတ်တမ်းဓာတ်ပုံများ၊ နံရံကပ်စာစောင် ပြသထားမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မေတ္တာရှင် ရွှေပြည်သာဆရာတော်တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့် စေတီတော် ဗုဒ္ဓသာသနာ့ဝေယျာဝစ္စ နိဗ္ဗာန်ဆော် ဝတ်အသင်း၏ အရိယာဓမ္မာရုံကြီးတွင် ရန်ကင်းမြို့နယ် ၁ ရပ်ကွက် အမှတ် ၃၈/၁နေ ဒေါ်အေးအေးနွယ်၏ ပင့်လျှောက်ချက်အရ ရွှေပြည်သာမြို့နယ် ဆရာတော် အရှင်ဇဝန (မေတ္တာရှင် ရွှေပြည်သာ)သည် ဖေဖော်ဝါရီ၂ရက်မှ ၆ ရက်အထိ ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်မည်ဟု သိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၃၀-၁-၂၀၀၇ ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၀၀ ၆။ နှောင်းခေတ်တေးပဒေသာ
- ၈:၁၀ ၇။ အကပြိုင်ပွဲ
- ၈:၂၀ ၈။ ကချင်ပြည်နယ် မိုးကောင်းတံတား
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Let's Go
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]
- ၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၇:၁၅ ၆။ ခံစားနားဆင် တေးဓာတ်ဝင်
- ၁၇:၂၅ ၇။ **"ချစ်သောမြေ ချစ်သောရေ"** ရာဇာနေဝင်း၊ ခိုင်နှင်းဝေ (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
- ၁၇:၃၀ ၈။ ဆိုကြမယ် ပျော်ကြမယ်
- ၁၈:၀၀ ၉။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၁။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"တောတွင်းသားငယ်လေး"** (အပိုင်း-၄၇)
- ၁၈:၅၀ ၁၂။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
- ၁၉:၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ညီမ ငယ်ပါသေး"** (အပိုင်း-၁၂)
- ၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"တကယ်သဘောကျတယ်"** (အပိုင်း-၂၀)

တပို့တွဲလနှင့် ဓမ္မအနှစ်သာရ

ဦးကျော်စိန်
(မန္တလေး)

"တပို့တွဲလ" ကို ထန်းပိုးတွဲသောလဟူ၍ လည်းကောင်း၊ ထန်းဖူး ထန်းခိုင်တို့အား အောက်သို့ကိုင်းညွတ်ဆွဲဆိုင်းအောင်၊ တွဲအောင်ပြုသောလ၊ ထန်းရည်နင်းသောလ ဟူ၍ လည်းကောင်း၊ ထန်းဖိုးလက်များ တွဲအောင်နင်းသောလဟူ၍လည်းကောင်း ရှေးပညာရှင်များ အဓိပ္ပာယ် ဖွင့်ဆိုကြသည်။ တပို့တွဲလ၏ ရာသီပန်းများမှာ ပေါက်ပွင့်၊ လဲပွင့်၊ လက်ပံပွင့်တို့ ဖြစ်ကြသည်။

တပို့တွဲလသည် ဆောင်းရာသီကာလဖြစ်၍ အလွန်အေးချမ်းသော လဖြစ်၏။ တပို့တွဲလ၏ အေးမြပုံကို စာဆိုတော် ဦးကြော့က-

"ရွှေယုဂန် နန်းညိုမြကာ၊ စန်းခိုစလျှံလူ၊ ချမ်းဆိုမှု စံမတူသည်၊ သယမ္ဘူသော်မှ၊ မီးဖမ်းဖျူး ရွှေလက်ကင်သည်၊ ရေစက်တွင် အေးတဲ့သည်လ-"

ဟု စပ်ဆိုခဲ့ပါသည်။

ဤတပို့တွဲလ၌ ဗုဒ္ဓဘာသာ မြန်မာတို့သည် မီးဖုန်းပွဲကို ကျင်းပလေ့ ရှိကြ၏။ မီးဖုန်း၌ "ဖုန်းသည်" ပါဠိဘာသာ "ပုည"မှ ဆင်းသက်လာသည့် ဝေါဟာရဖြစ်၏။ ကောင်းမှုကုသိုလ်၊ အလှူဟု အဓိပ္ပာယ်ရပေသည်။ ထို့ကြောင့် မီးဖုန်းပွဲဟူသည် မီးကုသိုလ်ပွဲ၊ မီးပူဇော်ပွဲဟု ဆိုလိုပေသည်။ အလွန်အေးမြသည့် ဤတပို့တွဲလတွင် ဘုရားဆင်းတုတော်များရှေ့၌ မီးဖိုရန် ရဟန်း သံဃာတော်များနှင့် သက်ကြီးရွယ်အိုများ မီးဖို၍လှုံရန် နံ့သာထင်း၊ မယ်ဖျူး(မီးအိုးကင်း) စသည်တို့ကို ဘုရားကျောင်းများသို့ လှူဒါန်းသည့်ပွဲကို မီးဖုန်းပွဲဟု ခေါ်သည်။ ဤပွဲကို ပုဂံ၊ ပင်းယ၊ အင်းဝ ခေတ်တို့၌ မီးဖုန်းပွဲဟု အစဉ်တစိုက် ရေးသားလာခဲ့ကြသော်လည်း နောက်ပိုင်းခေတ်များ၌မူ မီးဖုံး၊ မီးဖုန်း၊ မီးပုံးဟု အမျိုးမျိုးပြောင်းလဲရေးသားလာသည်ကို တွေ့ရသည်။ ဦးယာ၏ တပို့တွဲလ လူးတား၌-

"သုံးလူချာကို၊ ရှိန်ရောင်ဝါညီး၊ မီးဖုံးပူဇော်၊ လှူတော်မူမြဲ၊ ရာသီပွဲ"

ဟူ၍ စပ်ဆိုထားပါသည်။ ရှေးအခါက တပို့တွဲလ၏ ရာသီပွဲဖြစ်သော ဤမီးဖုန်းပွဲကို မြန်မာဘုရင်များကိုယ်တိုင် ဦးစီး၍ ခမ်းခမ်းနားနား ကျင်းပခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

မြန်မာနိုင်ငံတွင် တပို့တွဲလသည် ကောက်ဦးပေါ်ချိန် ဖြစ်၍ တပို့တွဲ လဆန်းအချိန်မှစပြီး လပြည့်နေ့တိုင်အောင် နိုင်ငံတော် အနှံ့အပြား ကျေးလက်တောရွာများအထိ တောင်သူလယ်သမားကြီးများ ထမနဲ ထိုးပွဲများကို ဆင်နွှဲလေ့ရှိကြသည်။ ထမနဲထိုးပွဲများ၊ ထမနဲလှူဒါန်း ပွဲများသည် ရှေးမြန်မာဘုရင်များလက်ထက်မှစ၍ ခေတ်အဆက်ဆက် မြန်မာတို့၏ရိုးရာပွဲတော်အဖြစ် အစဉ်အလာ ကျင်းပခဲ့ကြသည်။ ထမနဲ ပွဲနှင့် ပတ်သက်၍ စာဆိုတော်ဦးအောင်ကြီး၏ တပို့တွဲလ လူးတားတွင်-

"ရပ်ရှစ်မျက်နှာ သံဃာတို့အား ဆယ်ပါးဝတ္ထု၊ ယာဂုအဖျော်၊ ပူဇော်ရွှင်ပြုံး၊ ပွဲမဆုံးလျှင်၊ မီးဖုံးသဘင်၊ သူကြီးယင်သည်၊ ရောက်ချင်နိဗ္ဗာန် ကျန်းတည့်လေး"

ဟု စပ်ဆိုထားသည်။

ထမနဲသည် ကောက်ညှင်းကို နှမ်း၊ နှမ်းဆီ၊ အုန်းသီး၊ မြေပဲ၊ ချင်း စသည်တို့ဖြင့် စီမံပြုလုပ်ထားသော မြန်မာတို့၏ ချိုဆိမ့်မွှေးသည့် အစားအစာတစ်မျိုးဖြစ်သည်။ ကောက်ညှင်းကို ထပ်ပြန်တလဲလဲ နှဲရသောကြောင့် ထမနဲဟု ခေါ်သည်။ ယခုခေတ်တွင် စကားပြောသံ ထမနဲ ဟုပင် ရေးသားကြသည်။ နှမ်းဆီနှင့်နှမ်းနိုင်နိုင်ထည့်ရသည်ကို အကြောင်းပြု၍ နှမ်းမနဲဟုလည်း တစ်မျိုးခေါ်သေးသည်။ အချို့အရပ် ဒေသများ၌ ထမနဲကို ယာဂုဟုလည်း ခေါ်ကြသည်။

"အစာလည်းဆေး၊ ဆေးလည်းအစာ" ဟူသော မြန်မာဆိုရိုးစကားအရ မြန်မာတို့၏ ထမနဲသည် ဆောင်းရာသီနှင့် ကိုက်ညီသည့် ဆေးဖက်ဝင် အစားအစာဖြစ်သည်။ ထမနဲသည် ဆီနိုင်၍ အပူစာချဉ်းလိုလို ပါဝင်သော အစာဖြစ်၏။ တပို့တွဲလကား အလွန်အေးမြ၍ အဆီခန်းခြောက်ချိန် ဖြစ်သည်။ ဤလတွင် ဆီနိုင်သော အပူစာထမနဲကို သုံးဆောင်ပါလျှင် အသားအရေ စိုပြည်၍ အပူဓာတ်ရလာနိုင်သည်။

တပို့တွဲလပြည့်နေ့တွင် ဘုရားရှင်တိုင်း တပည့်သား ရဟန်းတော်များအား ဩဝါဒပေးတော်မူသည်ကို အကြောင်းပြု၍ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့က တပို့တွဲလပြည့်နေ့ကို **"ဩဝါဒပါတိမောက်အခါတော်နေ့"** အဖြစ် သတ်မှတ်ခဲ့ကြပါသည်။ အပါယ်ဘေးမှ ကင်းဝေးစေသော အဆုံးအမကို "ဩဝါဒ" ဟုခေါ်၏။ ထိုဩဝါဒ မိန့်ကြားတော်မူခြင်းကို ဩဝါဒ ပါတိမောက်ပြသည်ဟု ခေါ်ဆိုရပါသည်။ ပါတိမောက်သည် ဩဝါဒပါတိမောက်၊ အာဏာပါတိမောက်ဟူ၍ နှစ်မျိုးရှိပါသည်။ ဩဝါဒ ပါတိမောက်ကို မြတ်စွာဘုရားရှင်တို့သာ ပြတော်မူ၏။ တပည့်သံဃာများသည် အာဏာပါတိမောက်ကိုသာ ပြခွင့်ရှိပါသည်။

သက်တော်ရှည်တော်မူသော မြတ်စွာဘုရားရှင်တို့သည် ဩဝါဒပါတိမောက်ကို အသက်ထက်ဆုံး ပြတော်မူကြပါသည်။ သက်တမ်းတိုသော ဘုရားရှင်တို့သည် ပထမဗောဓိခေါ်သော ဝါတော်(၂၀)အတွင်း၌သာ ဩဝါဒပါတိမောက်ကို ပြတော်မူသည်။ ဝါတော်(၂၀)ကျော်သည်မှစ၍ တပည့် ရဟန်းသံဃာတော်များအား အာဏာပါတိမောက်ကို ပြစေတော်မူသည်။ မြတ်စွာဘုရားရှင်တို့ ဩဝါဒပါတိမောက် ပြတော်မူရာ၌ အင်္ဂါလေးချက်နှင့် ပြည့်စုံမှ ပြမြဲဖြစ်ပါသည်။

ထိုအင်္ဂါလေးပါးဟူသည်ကား-

၁။ တပို့တွဲလပြည့်နေ့ဖြစ်ခြင်း၊
၂။ ဧဟိဘိက္ခု ရဟန်းတော်များသာဖြစ်ခြင်း၊
၃။ ဆဠဘိညပဋိသမ္ဘိဒါ ပတ္တရဟန္တာပုဂ္ဂိုလ်များဖြစ်ခြင်း၊
၄။ မပင့်ဖိတ်ရဘဲ စုဝေးမိခြင်းတို့ ဖြစ်ကြပါသည်။

သုံးလောကထွတ်တင် ဂေါတမဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ခုနှစ် တပို့တွဲလပြည့်နေ့တွင် အင်္ဂါလေးရပ်နှင့် ပြည့်စုံသော ကဿပညီနောင် ရှင်တစ်ထောင်၊ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်နှင့် တပည့် ၂၅၀၊ စုစုပေါင်း ရဟန္တာ ၁၂၅၂ပါးတို့အား ဂါထာသုံးပုဒ်ဖြင့် ဩဝါဒပါတိမောက်ကို ပြတော်မူပါသည်။ ဩဝါဒပါတိမောက်ဂါထာသည် သီလ၊ သမာဓိ၊ ပညာကို ဟောကြားထား၍ ပိဋကတ်သုံးပုံ အနှစ်ချုပ် တရားဟု ခေါ်ပါသည်။ မြတ်စွာဘုရားရှင် ပြတော်မူသော ဩဝါဒပါတိမောက် ဒေသနာတော်ကား-

ခန္တီပရမံ တပေါတိတိက္ခာ
နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။
နဟိ ပဗ္ဗဇိတော ပရူပဃာတီ၊
နသမဏောဟောတိ ပရံဝိဟေဌယန္တော။

သည်းခံခြင်းသည် မြတ်သောအကျင့်ဖြစ်၏။ နိဗ္ဗာန်ကို အမြတ်ဆုံးဟူ၍ ဘုရားရှင်တို့ ဟောတော်မူကုန်၏။ သူတစ်ပါးအသက်ကို သတ်လေ့ရှိသောသူသည် ရဟန်းမဟုတ်၊ သူတစ်ပါးကို ညှဉ်းဆဲလေ့ ရှိသောသူသည် ကိလေသာတို့ကို ငြိမ်းအေးစေသည့် သမဏမဟုတ်။

သဗ္ဗပါပဿ အကရဏံ၊
ကုသလဿ ဥပသမ္ပဒါ။
သစိတ္တ ပရိယောဒပနံ၊
ဧတံ ဗုဒ္ဓါနသာသနံ။

မကောင်းမှုဟူသမျှ ရှောင်ကြဉ်ခြင်း၊ ကောင်းမှုဟူသမျှ ပြည့်စုံစေခြင်း၊ မိမိစိတ်ကို ဖြူစင်အောင်ထားခြင်း၊ ဤသည်ကား ဘုရားရှင်တို့၏ အဆုံးအမဖြစ်၏။

အနူပဝါဒေါ အနူပဃာတော၊
ပါတိမောက္ခေစ သံဝရော။
မတ္တညုတာ စ ဘတ္တသ္မိံ၊
ပန္တဉ္စ သယနာသနံ။
အဓိစိတ္တေ စ အာယောဂေါ၊
ဧတံ ဗုဒ္ဓါနသာသနံ။

သူတစ်ပါးကို မစွပ်စွဲခြင်း၊ သူတစ်ပါးကို မညှဉ်းဆဲ မသတ်ဖြတ်ခြင်း၊ ပါတိမောက်တရား၌ ဣန္ဒြေတို့ကို လုံခြုံအောင် စောင့်ထိန်းခြင်း၊ ဆွမ်းစသော အာမိသ၌ အတိုင်းအရှည်ကို သိခြင်း၊ ဆိတ်ငြိမ်ရာ၌ နေထိုင်ခြင်း၊ အဓိစိတ္တ အရာ၌ အားထုတ်မှု၊ လုံ့လပယောဂရှိခြင်း၊ ဤသည်ကား ဘုရားရှင်တို့၏ အဆုံးအမဖြစ်၏။

လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သောချမ်းသာကို လိုလားတောင့်တကြသော သူတော်ကောင်းအပေါင်းတို့သည် မြတ်စွာဘုရားရှင် တပို့တွဲလပြည့်နေ့၌ ဟောကြားပြသတော်မူသော ဓမ္မအနှစ်သာရဖြစ်သည့် ဩဝါဒပါတိမောက် ဒေသနာတော်နှင့်အညီ ကျင့်ကြံပွားများ အားထုတ်နိုင်ကြပါစေကြောင်း တင်ပြရပါသည်။ ။

ပေးအပ်လှူဒါန်း

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီရုံးခန်း (ဗဟန်း ၃ လမ်း မှတ်တိုင်အနီး)တွင် အမှတ် ၂၇ ဘန့်ဘွေးကုန်းလမ်း ပုသိမ်မြို့နေ နှစ်ဖက်သော ဘိုးဘွားများနှင့် ဖခင်ဦးကြည်မြိုင်၊ မိခင်ဒေါ်ရုံလန်း(ခ)ဒေါ်မြရင်တို့၏ သုံးနှစ်မြောက် အထိမ်းအမှတ်အဖြစ် ကိုတင်ထွန်း၊ ကိုကျော်ဦး-မခင်အေးရီ၊ ကိုအောင်ကြည်-မသီတာအေး မောင်နှမများက ငွေကျပ်တစ်သိန်းကို ဆရာတော် အရှင်ရာဇိန္ဒ (ရဝေနွယ်-အင်းမ)ရှေ့မှောက်၌ ဥက္ကဋ္ဌဦးရှိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

တာယာထုတ်လုပ်မှု လျာထားချက်ပြည့်မီရေးကြိုးပမ်း ထုတ်ကုန်အရည်အသွေးကောင်းမွန်ရေး ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၉

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၂၆ရက်က မွန်းလွဲပိုင်းက မွန်ပြည်နယ် သထုံမြို့နယ်ရှိ အမှတ်(၁)တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှု စက်ရုံသို့ရောက်ရှိရာ ရှေးဦးစွာ စက်ရုံရှင်းလင်းဆောင်၌ စက်ရုံအထွေထွေမန်နေဂျာ ဦးမြင့်နိုင်က စက်ရုံ၏ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း တာယာထုတ်လုပ်မှု လျာထားချက်နှင့် လအလိုက် တာယာများထုတ်လုပ်ပြီးစီးမှု၊ ကုန်ကြမ်းပစ္စည်းများ စုဆောင်းထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ယင်းနောက် ဝန်ကြီးက တာယာများ ထုတ်လုပ်မှုကို လျာထားချက်ပြည့်မီရေးအတွက် စနစ်တကျ ကြိုးပမ်းဆောင်ရွက်ရေး၊ ကုန်ကြမ်းပစ္စည်းများ ဝယ်ယူဖြည့်တင်းထားရှိရေး၊ ထုတ်ကုန်အရည်အသွေး ကောင်းမွန်စေရေး၊ ထုတ်လုပ်မှုကုန်ကျစရိတ်လျော့ကျရေးနှင့် စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရန် ကြိုတင်စီမံဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ရှင်းလင်းပြသ

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံအတွင်း မော်တော်ယာဉ် တာယာ အမျိုးမျိုး ထုတ်လုပ်နေမှုအဆင့်ဆင့်၊ တာယာထုတ်လုပ်မှုအတွက် လိုအပ်သော ကုန်ကြမ်းပစ္စည်းများ စုဆောင်းထားရှိမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇန်နဝါရီ ၁၁ရက်က ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် (၅၂)ရပ်ကွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွင် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ နယ်လှည့်စာကြည့်တိုက်နှင့် စာကြည့်တိုက် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဟောပြောပွဲ ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးညီညီဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ပေါင်းလောင်းအသင်း(ရန်ကုန်)နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၂၉

ပေါင်းလောင်းအသင်း(ရန်ကုန်)၏ (၂၂)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဗဟန်းမြို့နယ် ရှင်သာမဏေဓမ္မဗိမာန်တွင် ဇန်နဝါရီ၂၁ရက် နံနက် ၉နာရီက ကျင်းပရာ အသင်းဥက္ကဋ္ဌဦးကျင်တီးက နှုတ်ခွန်းဆက် အမှာစကား ပြောကြားသည်။

ဂုဏ်ပြုလွှာပေးအပ်

အခမ်းအနားတွင် အမှုဆောင်အဖွဲ့ အစီရင်ခံစာ၊ နှစ်ချုပ်ငွေစာရင်းရှင်းတမ်း၊ ဘာသာရေး၊ လူမှုရေးနှင့် အလှူငွေစာရင်းများကို ရှင်းလင်းတင်ပြပြီး အသင်းဝင် ဂုဏ်ထူးဆောင်နာယက ဦးလှမြင့်ဦး (အဖွဲ့ဝင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့)အား နိုင်ငံတော်က ဝိဇ္ဇာပညာထူးချွန် (ပထမဆင့်) ဘွဲ့တံဆိပ်တော် ချီးမြှင့်ခံရခြင်းအတွက် ထပ်ဆင့်ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး **(အပေါ်ပုံ)** လန်ဒန် ကွန်ပျူတာတက္ကသိုလ်မှ LCCI Level-III စာမေးပွဲတွင် တစ်ကမ္ဘာလုံး ဒုတိယ ဆုရရှိသော မထက်ထက်ညိမ်းအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။ **(က-ပ)**

ပင်လယ်ပြင်သယံဇာတများ ရေရှည်တည်တံ့အောင် ထိန်းသိမ်း အရည်အသွေးမီ နိုင်ငံခြားပို့ကုန်များ ထုတ်လုပ်

ရန်ကုန် ဇန်နဝါရီ ၂၉

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် ဇန်နဝါရီ၂၇ ရက် နံနက်ပိုင်းက မြိတ်ခရိုင် ကျွန်းစုမြို့နယ် ပထက်ကျွန်းရှိ ကျော်ကျော်ဖြိုးကုမ္ပဏီလီမိတက်၏ တန် ၃၅၀ ဆံ့ ငါး၊ ပုစွန် ပြုပြင်ထုတ်လုပ်မှု အအေးခန်းစက်ရုံနှင့် ငါးအသားကြိတ်စက်ရုံသို့ရောက်ရှိပြီး ရှေးဦးစွာ ငါးအသား ကြိတ်စက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှုအဆင့်ဆင့်နှင့် ထုပ်ပိုးအေးခဲပြီး ငါးအသားကြိတ် ကုန်ချောအခြေအနေ၊ ငါး၊ ပုစွန် ပြုပြင်စက်ရုံ၏ ပုစွန်ကုန်ချောပြုပြင် ထုတ်လုပ်မှုအဆင့်ဆင့်နှင့် ကင်းမွန်၊ ပုစွန်များ ပြုပြင်အေးခဲပြီးစီးမှုအခြေအနေတို့ကို အသေးစိတ်ကြည့်ရှုစစ်ဆေးပြီး စက်ရုံရှင်းလင်းဆောင်တွင် ကျော်ကျော်ဖြိုး ကုမ္ပဏီဥက္ကဋ္ဌ ဦးကျားမောင်နှင့် တာဝန်ရှိသူများက စက်ရုံလည်ပတ်နိုင်မှု စွမ်းအားနှင့် ထုတ်လုပ်မှုအခြေအနေတင်ပြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် မြိတ်မြို့ မြန်အောင်ရပ် ကမ်းနားလမ်းရှိ တနင်္သာရီတိုင်း ငါးလုပ်ငန်း ဦးစီးဌာနရုံးသို့ရောက်ရှိပြီး ကမ်းနီးကမ်းဝေးငါးဖမ်းလုပ်ငန်းရှင်များ၊ ရေထွက်ပစ္စည်း ပြုပြင် ထုတ်လုပ်သည့် အအေးခန်း စက်ရုံပိုင်ရှင်များ၊ ဌာနဆိုင်ရာများအား တွေ့ဆုံ၍ **(အပေါ်ပုံ)** ပင်လယ်ပြင် သယံဇာတများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ အရည်အသွေးမီ နိုင်ငံခြားပို့ကုန်များ ထုတ်လုပ်နိုင်ရန်နှင့် နိုင်ငံခြားဈေးကွက်များ တိုးတက်ရှာဖွေရေး အခြေအနေများကို ဆွေးနွေးမှာကြားပြီး တက်ရောက်လာသူများ၏ တင်ပြချက်များအပေါ် ငါးလုပ်ငန်းဦးစီးဌာန တနင်္သာရီတိုင်း ဦးစီးဌာနမှူး ဦးမျိုးအောင်နှင့် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းတို့က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့က ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

မွန်းလွဲပိုင်းတွင် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် မြိတ်မြို့ စန္ဒဝတ်ကျေးရွာအုပ်စု ရေမြစ်ကြီးကျေးရွာရှိ ယူနိုက်တက်မြိတ်ကုမ္ပဏီလီမိတက်၏ ကကတစ်ငါးလှောင်အိမ် စနစ်မွေးမြူရေး စခန်းသို့ရောက်ရှိပြီး စခန်းရှင်းလင်းဆောင်တွင် ယူနိုက်တက်ကေအမ်ကေ ဥက္ကဋ္ဌ ဦးခင်မောင်ကျော်က ကျောက်ဖြာမြစ်အတွင်း လှောင်အိမ်၃၆လုံးဖြင့် မွေးမြူထားရှိမှုနှင့် ၂၀၀၆–၂၀၀၇ အတွက် ပိဿာချိန်ခုနစ်သောင်း ကျော်ထွက်ရှိမှု အခြေအနေတင်ပြချက်အပေါ် တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး ကျောက်ဖြာမြစ်အတွင်း လှောင်အိမ်ဖြင့် မွေးမြူထားသော ကကတစ် သားပေါက် လှောင်အိမ်ကန်များ အသားတိုး မွေးမြူရေး လှောင်အိမ်ကန်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ကျေးဇူးရှင် ဘိုးဘွား၊ မိဘများအား ရည်စူး၍ ရန်ကုန်မြို့ အလုံမြို့နယ်နေ သမီး နန်းဆိုင်ဟိန်း(ခ) ဒေါ်သီဂီနွယ်၊ သားသမီး၊ မြေးတစ်စုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၁၁၀၀၀၀ ကို အနုနာယက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန)ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် သစ်အချောထည်စက်ရုံများ သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၉

သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စက်မှုဇုန်(၂)ရှိ လင်းဝင်း ကုမ္ပဏီလီမိတက်၏ သစ်အချောထည်စက်ရုံ(၂)သို့ ရောက်ရှိရာ မန်နေဂျင်း ဒါရိုက်တာက စက်ရုံ ရှင်းလင်းဆောင်၌ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြ၍ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက ဖြည့်စွက်တင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက်ဝန်ကြီးသည် သစ်ခွဲစိတ်လည်ပတ်မှုအဆင့်ဆင့်၊ ဥယျာဉ်သုံးပရိဘောဂ ထုတ်လုပ်မှု အဆင့်ဆင့်နှင့် နိုင်ငံခြားတင်ပို့ရန် ထုပ်ပိုးထားသော ပရိဘောဂနှင့်သစ်ခွဲသားများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

အဆိုပါ စက်ရုံကို အမေရိကန်ဒေါ်လာငါးသိန်းနှင့် မြန်မာငွေကျပ် သိန်း ၄၀၀၀ကျော်တို့ဖြင့် ရင်းနှီးမြှုပ်နှံထားပြီး ကျွန်းသစ်ပရိဘောဂနှင့် သစ်ခွဲ သားများကို ဂျာမနီ၊ ပြင်သစ်၊ အီတလီ၊ အင်္ဂလန်နှင့် အာရှနိုင်ငံများသို့ တင်ပို့လျက်ရှိသည်။

ဖြည့်စွက်တင်ပြ

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ယင်းမြို့နယ် စက်မှုဇုန်(၂)ရှိ Myanmar Technologies Industry ကုမ္ပဏီလီမိတက်၏ သစ်အချောထည် စက်ရုံသို့ ရောက်ရှိရာ မန်နေဂျင်းဒါရိုက်တာက စက်ရုံအကြောင်း ရှင်းလင်းတင်ပြ၍ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ဖြည့်စွက်တင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။ထို့နောက် ဝန်ကြီးသည် သစ်ပါးလွှာမှု အဆင့်ဆင့်၊ သစ်ခွဲစိတ် လည်ပတ်မှု အဆင့်ဆင့်နှင့် နိုင်ငံခြားတင်ပို့ရန် ထုပ်ပိုးထားသော သစ်ခွဲသားများကို ကြည့်ရှုစစ်ဆေးသည်။

တင်ပို့

အဆိုပါ စက်ရုံကို အမေရိကန်ဒေါ်လာနှစ်သိန်းနှင့်မြန်မာငွေကျပ် သိန်း ၃၀၀၀တို့ဖြင့် ရင်းနှီးမြှုပ်နှံထားပြီး ကျွန်းသစ်ခွဲသားများကို ပြင်သစ်၊ အီတလီ၊ ဒိန်းမတ်နှင့် ဆွီဒင်နိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆရာတော် ဦးရေဝတ (ဝါးခယ်မ) တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင် လိပ်ပြာကန်တိုက် ကြာနီကန် ကျောင်းတိုက်၏ ဦးစီးပဓာန နာယက(နိုင်ငံကျော် ဓမ္မကထိက ကြာနီကန်ဆရာတော်)၏ တပည့်ရင်းဖြစ်သော နိုင်ငံကျော် ဓမ္မကထိက ဦးရေဝတ(ဝါးခယ်မ)ဆရာတော်သည်ဖေဖော်ဝါရီ ၁၊၂၊၃ ရက် ညများတွင် ကျိုက်ထိုကျိုက်ကသာပန်းတောကျောင်း တရားမဏ္ဍပ်၊၄၊၅ ရက်များတွင် မအူပင်မြို့နယ် စွန်သိုက်ရွာ တရားမဏ္ဍပ်၊ ၆၊၇၊၈ ရက်များတွင် သာယာဝတီ သုံးဆယ် (ငဖြူလေးဘူတာ တရားမဏ္ဍပ်)၊ ၁၀ ရက်တွင် လှိုင်သာယာ (၅)ထိပ် တရားမဏ္ဍပ်၊ ၁၁၊၁၂ ရက်များတွင် လှိုင်သာယာ ကျန်စစ်သားအိမ်ရာ တရားမဏ္ဍပ်၊ ၁၃၊၁၄ ရက်များတွင် ခနောင်တိုအရှေ့ရှင်ဥပဂုတ္တပူဇော်ပွဲ တရားမဏ္ဍပ်၊ ၁၅ ရက်တွင် ရွှေပြည်သာ ပန်းခြံ(၃) တရားမဏ္ဍပ်၊ ၁၆ရက်တွင် ကန်တော်ကလေး မြောက်ပိုင်း မန္တလေးလမ်းသွယ်၊၁၇ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) (၃၂)ရပ်ကွက် ဓမ္မာရုံ တရားမဏ္ဍပ်၊ ၁၈ရက်တွင် မင်္ဂလာဒုံ ပန်းခြံကုန်း မိုးကုတ်ကျောင်း တရားမဏ္ဍပ်တို့တွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

မြန်မာနိုင်ငံ ငါး၊ ပုစွန် အစာထုတ်လုပ်ရောင်းဝယ်သူများအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မြန်မာနိုင်ငံ ငါး၊ ပုစွန်အစာထုတ်လုပ်ရောင်းဝယ်သူများအသင်း၏ ပထမအကြိမ် နှစ်ပတ်လည်အစည်းအဝေး (၂၀၀၇)နှင့် မွေးမြူရေးအစာများအား အရည်အသွေးစစ်ဆေးမှုဆိုင်ရာ စက်ကိရိယာများရှင်းလင်းပြသခြင်းကို ဇန်နဝါရီ၂၃ရက်က အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး သီရိအဏ္ဏဝါခန်းမဆောင်၌ကျင်းပရာ ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဟန်ထွန်းတို့တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ငါး၊ ပုစွန် အစာထုတ်လုပ်ရောင်းဝယ်သူများ အသင်းဥက္ကဋ္ဌဦးအုန်းလွင် **(အောက်ပုံ)** က တစ်နှစ်တာအတွင်း ငါး၊ ပုစွန် အစာကုန်ကြမ်း၊ ကုန်ချောများ အရည်အသွေးတိုးမြှင့်ရေးဆိုင်ရာ ဆောင်ရွက်နိုင်မှုနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နေမှု အခြေအနေများ ရှင်းလင်းပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး ဦးမြင့်ဦးက အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်း ရှင်းတမ်းများအား ဖတ်ကြားအတည်ပြုချက် ရယူသည်။ **(သတင်းစဉ်)**

ကျောက်ပန်းတောင်းမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၂၉

ကျောက်ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးဂုဏဝိသိဋ္ဌပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို မတ်လ ၄ ရက်(တနင်္ဂနွေနေ့)မွန်းတည့်၁၂ နာရီတွင် လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် ကျောက်ပန်းတောင်း ပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားတွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ကျောက်ပန်းတောင်းဇာတိ ဆရာတော်ကြီး ခုနစ်ပါးနှင့် သီလရှင်တစ်ပါးတို့အား ဂုဏဝိသိဋ္ဌပူဇော်ခြင်း၊ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်ခြင်းခံရသော လူပုဂ္ဂိုလ်များအား ထပ်ဆင့်ဂုဏ်ပြုခြင်း၊ ပညာရည်ချွန်ဆုအတွက် ပါရဂူဘွဲ့ရသူများ၊ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ခြင်းတို့ကို တစ်ပါတည်း ကျင်းပမည်ဖြစ်သည်။

ပညာရည်ချွန်ဆုအတွက် အမှတ်စာရင်းအထောက်အထား မိတ္တူများကို ဦးမောင်မောင် ဖုန်း–၅၈၀၇၁၄၊ ဦးဇော်လင်း ဖုန်း–၅၇၂၁၆၂၊ ဦးကျော်ရန် ဖုန်း– ၅၈၄၁၉၅၊ ဦးမောင်မောင်လှ ဖုန်း–၃၈၄၅၆၇၊ ဦးမြင့်လွင် ဖုန်း–၅၁၀၄၅၂၊ ဦးအေး လွင် ဖုန်း–၆၆၆၄၅၆ တို့သို့ ဆက်သွယ်ပေးပို့ကြရန် နှိုးဆော်ထားသည်။ **(က–ပ)**

ကြေးစား ဘောလုံးသမားဆိုသည်မှာ

လန်ဒန် ဇန်နဝါရီ ၂၉

ဘက်ခမ်း၊ ဒရော့ဘာ၊ ရှက်ဗ်ချင်ကို၊ ရော်နယ်ဒို အစရှိသော ဘောလုံးသမားများသည် ကြေးစားဘောလုံးသမားများအဖြစ် ထင်ပေါ်ကျော်ကြားကြသူများဖြစ်သည်။

ကိုးကားတင်ပြသူ – မြင့်မောင်စိုး

ပရီမီယာလိဂ်တွင် ဂိုးအများဆုံးသွင်းယူပြီး ဂုဏ်ယူဝင့်ကြွားနေသော ဒရော့ဘာ။ (ဓာတ်ပုံ–အင်တာနက်)

ထိုကျော်ကြားသော ကြေးစားဘောလုံးသမားများသည် ကမ္ဘာ့အချမ်းသာဆုံး ဘောလုံးအသင်းများ၏ သားကောင်ဖြစ်ခဲ့ရသည်။

ကမ္ဘာ့အချမ်းသာဆုံး ဘောလုံးအသင်းများကို လေ့လာကြည့်လျှင် ရီးရဲမက်ဒရစ်အသင်းသည် ကမ္ဘာ့နံပါတ်တစ်နေရာတွင်ရှိသည်။ ပေါင်၁၈၆ဒသမ ၂သန်း ချမ်းသာကြွယ်ဝသည်။ မန်ချက်စတာယူနိုက်တက်အသင်းသည် နံပါတ်နှစ်နေရာတွင်ရှိပြီး ပေါင် ၁၆၆ ဒသမ ၄ သန်း ချမ်းသာကြွယ်ဝသည်။

ပရီမီယာလိဂ်ချန်ပီယံ ချယ်လ်ဆီးအသင်းသည် ပေါင် ၁၄၉ ဒသမ ၁ သန်း ချမ်းသာပြီး နံပါတ်ငါးနေရာတွင်သာရှိသည်။ ဘာစီလိုနာအသင်းသည် ပေါင် သန်း ၁၄၀ကျော် ချမ်းသာပြီး နံပါတ်ခုနစ်နေရာတွင်ရှိသည်။

အဆိုပါ ကမ္ဘာ့အချမ်းသာဆုံး ဘောလုံးအသင်းများသည် များပြားလှသော ငွေကြေးရင်းနှီးမြှုပ်နှံမှုနှင့်အတူ နှစ်စဉ်ဖလားများများ ရယူပိုင်ဆိုင်ရေးမှာလည်း အဓိကအရေးကြီးလာသည်။ ဖလားများများရလျှင် အကျိုးအမြတ် ပိုများပြီး ထင်ပေါ်ကျော်ကြားမှုမှာလည်း အထွတ်အထိပ်ဖြစ်သည်။

ထို့ကြောင့်လည်း ကမ္ဘာ့ထိပ်တန်းအသင်းကြီးများသည် အကောင်းဆုံး နည်းပြများကို ခေါ်ယူခဲ့သလို အကောင်းဆုံး ဘောလုံးသမားများကိုလည်း ခေါ်ယူစာချုပ်လေ့ရှိသည်။

ယင်းတို့အနက်မှ ရီးရဲမက်ဒရစ်အသင်းသည် ကမ္ဘာ့ကျော် ဘောလုံးသမားများ ဖြစ်ကြသည့် ဒေးဗစ်ဘက်ခမ်း၊ ရော်နယ်ဒို၊ ရော်ဘင်ဟို၊ ကင်နာဗာရို စသော အကြီးစားကြေးစားဘောလုံးသမားများကို ခေါ်ယူကစားခဲ့သည်။

သို့သော်လည်း ရီးရဲမက်ဒရစ်အသင်းသည် လွန်ခဲ့သောသုံးနှစ်အတွင်း ဖလားတစ်လုံးမျှ မရခဲ့သဖြင့် အီတလီမှ နည်းပြ ကာပယ်လိုအား ခေါ်ယူစာချုပ်ခဲ့သည်။ ကာပယ်လိုအနေဖြင့် ဖလားနှင့် အလှမ်းကွာဝေးခဲ့ရသော ရီးရဲမက်ဒရစ်အသင်းကို ဖလားပြန်လည်ရယူပေးလိုသည်။

ထို့ကြောင့်လည်း ကာပယ်လို အရှိန်မြှင့်ကြိုးပမ်းချိန်တွင် စွမ်းရည်ကျ ကစားသမားများသည် နည်းပြနှင့် ကြေးစားကစားသမားတို့အကြား ဖိအားတစ်ရပ် ဖြစ်လာသည်။ နည်းပြ အများစုသည် ဂိုးများများသွင်းသူကို မျက်နှာသာပေးတတ်ကြစမြဲဖြစ်သည်။

ပွဲတိုင်းကျော်

လက်ရှိအနေအထားအရ ရီးရဲမက်ဒရစ်အသင်းတွင် မန်ယူမှ ပြောင်းရွှေ့သွားသော နစ္စတယ်ရွိုင်းသည် ဂိုးအများဆုံးဖြင့် ၁၀ ဂိုး သွင်းယူပေးထားနိုင်၍ ပွဲတိုင်းကျော်တိုက်စစ်မှူးဖြစ်နေသည်။

သို့သော်လည်း ရော်နယ်ဒိုနှင့် ဘက်ခမ်းတို့သည် နည်းပြကာပယ်လို၏ မျက်မုန်းကျိုး အနှိမ်ခံဘဝရောက်ခဲ့ရသည်။ ထို့ကြောင့်လည်း ဘက်ခမ်းသည် အမေရိကန်ကလပ် ဂလက်ဆီသို့ လည်းကောင်း၊ ရော်နယ်ဒိုသည် အေစီမီလန်သို့ လည်းကောင်း ရီးရဲမက်ဒရစ်အသင်းသို့လည်းကောင်း ကျောခိုင်းသွားရန် အထုပ်ပြင်ထားကြပြီ ဖြစ်သည်။

တစ်ဖန် ပရီမီယာလိဂ်ချန်ပီယံ ချယ်လ်ဆီးအသင်းကို ကြည့်ပြန်လျှင်လည်း ဤသို့ပင် ဖြစ်ချေသည်။

ချယ်လ်ဆီးအသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်က ငွေပုံအောပြီး အကောင်းတကာ့ အကောင်းဆုံးဘောလုံးသမားများကို ခေါ်ယူကစားခဲ့သည်။ ထို့ကြောင့်လည်း ချယ်လ်ဆီးအသင်းသည် အနှစ် ၅၀ အတွင်း ပရီမီယာလိဂ် ချန်ပီယံနှစ်ကြိမ်ဆက်တိုက်ဖြစ်ခဲ့သည်။

အဆင်မပြေမှု

သို့သော်လည်း မကြာသေးမီက အသင်းပိုင်ရှင်အေဘရာမိုဗစ်ချ်က ကစားသမားများဝယ်ယူခြင်းကို လျှော့ချမည်ဖြစ်ကြောင်း ပြောဆိုခဲ့ရာမှ နည်းပြလုပ်သူ မော်ရင်ဟိုနှင့် အဆင်မပြေမှု စတင်လေတော့သည်။

အေဘရာမိုဗစ်ချ်၏ ဆန္ဒအရ ခေါ်ယူထားသော ပေါင်သန်း ၃၀ တန် ရှက်ဗ်ချင်ကိုမှာလည်း ဂိုးမသွင်းနိုင်၊ ဂျာမနီထိပ်တန်းနာမည်ကြီး မိုက်ကယ်ဘောလက်လည်း ခြေစွမ်းပျောက်ခဲ့၍ နည်းပြမော်ရင်ဟို စိတ်ညစ်ခဲ့ရသည်။ နည်းပြတိုင်းသည် ဂိုးများများသွင်းပေးသော တိုက်စစ်မှူးများကို မျက်နှာသာပေးသည်။ ဂိုးမသွင်းနိုင်သော ဘောလုံးသမားများသည် နည်းပြများ၏ အငြိုအငြင်ခံရသည်။ ထို့ကြောင့်လည်း ကြေးစားဘောလုံးသမားများ၏ဘဝသည် နည်းပြနှင့် အဆင်မပြေမှုဖြစ်ခဲ့လျှင် တန်ဖိုးလျော့ကျခဲ့ရသည်။ ဂိုးအများဆုံးသွင်းယူပေးသည့် ဒရော့ဘာသည် မော်ရင်ဟို အလိုကျဖြစ်နေသည်။ ဒရော့ဘာသည် ပြိုင်ဘက်ရှက်ဗ်ချင်ကို နေရာလုလာမည်ကိုစိုးရိမ်၍ ကြိုးစားရင်း ဂိုးတွေသွင်းပြခဲ့ရာမှ မော်ရင်ဟိုအကြိုက်ဆုံးလူ ဖြစ်လာသည်။

ကမ္ဘာတစ်လွှား အားကစား

ကားလင်းဖလားပြိုင်ပွဲတွင် နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့၍ ရှက်ဗ်ချင်ကိုနှင့် မော်ရင်ဟိုတို့၏ ဆက်ဆံရေး ပြေလည်သွားပြီလား။ (ဓာတ်ပုံ–အင်တာနက်)

စိုးရိမ်ပူပန်

တစ်ဖန် အာဆင်နယ်နည်းပြကြီး အာစင်ဝင်းဂါးက အသင်းအတွက် ၁၁ ဂိုးသွင်းယူပေးထားသည့် ဗန်ပါစီ ခြေထောက်ကျိုးသွားသည်ကို အလွန်စိုးရိမ်ပူပန်မိကြောင်း ပြောဆိုခဲ့သည်ကို အင်တာနက်တွင် ဇန်နဝါရီ ၂၆ ရက်က သတင်း ဖတ်လိုက်ရသေးသည်။ ကြေးစားဘောလုံးသမားဘဝသည် ဂိုးသွင်းပေးနိုင်ခဲ့လျှင် နည်းပြများက အကောင်းထင်ကြသည် ဆိုသည်ကို ထိုသတင်းက ဖော်ညွှန်းနေသည်။

နှစ်ဆရရှိမည်

ပရီမီယာလိဂ် ထိပ်တန်းရောက် မန်ယူကိုကြည့်ပြန်လျှင်လည်း ဂိုးသွင်းကောင်းသည့် စီရိုနယ်ဒိုသည် မျက်နှာပန်းလှနေသည်။ ထို့ကြောင့်လည်း မန်ယူက စီရိုနယ်ဒိုအား တစ်ပတ် ပေါင်တစ်သိန်းဖြင့် ငါးနှစ်စာချုပ်ရန် မကြာမီကမ်းလှမ်းမည်ဟုသိရသည်။ ၎င်းသည် လက်ရှိ တစ်ပတ် ပေါင် ငါးသောင်းရရှိနေရာမှ နှစ်ဆရရှိမည်ဟု ဆိုသည်။

နည်းပြအကြိုက်

စီရိုနယ်ဒိုသည် ကမ္ဘာ့ဖလားအပြီး ရွန်နေနှင့် မန်ယူပရိသတ်များ အမြင်ကြည်လင်မှု ပိုမိုရရှိအောင် ခြေစွမ်းပြကစားရာမှ နည်းပြဖာဂူဆန်အကြိုက် ဖြစ်လာခဲ့သည်။

ပြောကြား

ချယ်လ်ဆီးသို့ ရောက်သွားသော မိုက်ကယ်ဘောလက်အား ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ခဲ့သည်မှာ မှားယွင်းခဲ့ပြီဖြစ်ကြောင်း ၎င်း၏ဆရာဟောင်း ဘိုင်ယန်မြူးနစ်ဥက္ကဋ္ဌ ဖရန့်ဘက်ကင်ဘောင်ဝါက ပြောကြားခဲ့သည်ကို ဇန်နဝါရီ ၂၅ရက်က အင်တာနက်တွင် သတင်းဖတ်လိုက်ရသည်။ အကယ်၍ မန်ယူကိုသာ မိုက်ကယ်ဘောလက် ပြောင်းရွှေ့ခဲ့လျှင် အကောင်းဆုံး ဘောလုံးသမား ဖြစ်လာနိုင်ကြောင်း ဘိုင်ယန်မြူးနစ်ဥက္ကဋ္ဌက ဆက်လက်ပြောကြားသည်။

မိုက်ကယ်ဘောလက် ချယ်လ်ဆီးသို့ ပြောင်းရွှေ့ခဲ့သည်မှာ မှားကြောင်း ဘိုင်ယန်မြူးနစ်ဥက္ကဋ္ဌ ဖရန့်ဘက်ကင်ဘောင်ဝါက ပြောကြားခဲ့သည်။
(ဓာတ်ပုံ–အင်တာနက်)

ထို့ကြောင့်လည်း ကြေးစားဘောလုံးသမားများ၏ဘဝသည် နည်းပြများနှင့် အဆင်မပြေဖြစ်သည့်အခါ ပုံမှန်ကစားခွင့်မရဘဲ တန်ဖိုးကျဆင်းကာ အသင်းကို စွန့်ခွာသွားရန် အကြောင်းတရားများက ဖန်လာလေတော့သည်။ ။ **(ကိုးကား–အင်တာနက်သတင်းများ)**

အက်ဖ်အေဖလား စတုတ္ထအဆင့်ပွဲစဉ်များယှဉ်ပြိုင် မန်ယူနှင့် ချယ်လ်ဆီးတို့ နိုင်ပွဲများရရှိ

လန်ဒန် ဇန်နဝါရီ ၂၉

အက်ဖ်အေဖလား စတုတ္ထအဆင့် ဘောလုံးပြိုင်ပွဲများကို ဇန်နဝါရီ ၂၇ ရက်နှင့် ၂၈ရက်များ၌ ဆက်လက်ကစားရာ မန်ယူက ပို့စ်မောက်ကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သလို ချယ်လ်ဆီးကလည်း နောတမ်ဖောရက်အား သုံးဂိုးပြတ် အနိုင်ရရှိခဲ့သည်။

စုစည်းတင်ပြသူ မောင်မောင်မြင့်ဆွေ

မန်ယူတိုက်စစ်မှူး ရွန်နေ ပို့စ်မောက်ဘက်သို့ အနိုင်ဂိုးသွင်းယူခဲ့သည်မှာ…။ (ဓာတ်ပုံ–အင်တာနက်)

မန်ယူနှင့်ပို့စ်မောက်

သက်ကြီး တိုက်စစ်မှူးများ ဖြစ်သည့် လာဆင်နှင့် ဆိုးလ်ရှားတို့ကို ပွဲထုတ်ပြီး ကွင်းလယ်၌ ကာရစ်၊ ပက်ဂျီဆန်၊ ပေါလ်စခိုးလ်နှင့် ရိုင်ယန်ဂစ်တို့ဖြင့် ဗျူဟာအသစ် ခင်းကျင်းကစားခဲ့သောဖာဂူဆန်သည် ပို့စ်မောက်ကိုဘောလုံး ပိုင်ဆိုင်မှုများများဖြင့် ထိုးဖောက်ကစား နိုင်ခဲ့သည်။

ရိုင်ယန်ဂစ်နှင့် ပက်ဂျီဆန်တို့ကို တောင်ပံများမှတိုက်စစ်ဆင်ကာ ကွင်းလယ်မှလာဆင်နှင့် ဆိုးလ်ရှားတို့အဆုံးသတ်ဂိုးသွင်းစေခဲ့သော်လည်း ပထမပိုင်း ပွဲချိန်အတွင်း မန်ယူတို့ဂိုးမသွင်းနိုင်ခဲ့ချေ။ ဒုတိယပိုင်း ပွဲချိန်မိနစ်၆၀တွင် ဆိုးလ်ရှားအစားရွန်နေပါဝင်ကစားခဲ့ရာ မန်ယူတိုက်စစ်ပိုသွက်လာပြီး ပို့စ်မောက်နောက်တန်းကို ပိုမိုခြိမ်းခြောက်လာနိုင်ခဲ့ရာပွဲချိန် ၇၇မိနစ်တွင် ရွန်နေက မန်ယူအတွက်အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

မန်ယူသည် ပို့စ်မောက်နောက်တန်းကို ဖြတ်ကျော်ကာ ဂိုးသွင်းခွင့် ၁၆ကြိမ်ရရှိခဲ့ပြီး အပိုင်ဂိုးသွင်းခွင့် ခုနစ်ကြိမ်ရရှိခဲ့ရာမှ ပွဲချိန်၈၃မိနစ်တွင် ရွန်နေကပင် ဒုတိယဂိုး ထပ်မံသွင်းယူပေးနိုင်ခဲ့သည်။ပွဲချိန်၈၅မိနစ်တွင်ရိုင်ယန်ဂစ်အစားဖလက်ချာဝင်ကစားခဲ့ပြီး မကြာမီ ပို့စ်မောက်တိုက်စစ်မှူး ကနူးက ပွဲချိန် ၈၇မိနစ်၌ ချေပဂိုးတစ်ဂိုး ပြန်သွင်းယူခဲ့သဖြင့် မန်ယူတို့ အိုးထရက်ဖို့ဒ်၌ နှစ်ဂိုး–တစ်ဂိုးဖြင့်သာ ကျေနပ်ခဲ့ရသည်။

ဝက်စ်ဟမ်းနှင့် ဝက်ဖို့ဒ်တို့ပွဲတွင် ဝက်ဖို့ဒ်မှ ဂါဗင်မာဟွန် (ယာ) **ထိုးဖောက်ကစားရန် ကြိုးစားစဉ်။** (ဓာတ်ပုံ–အင်တာနက်)

ချယ်လ်ဆီးနှင့် နောတင်ဟမ်ဖောရက်စ်

ဒရော့ဘာနှင့် ရှက်ဗ်ချင်ကို တိုက်စစ်အတွဲက နောတင်ဟမ်ဖောရက်စ် နောက်တန်းကို အကြိမ်ကြိမ် ထိုးဖောက်ကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်များလည်း အများအပြားရရှိခဲ့သည်။ နောတင်ဟမ်ဖောရက်စ်သည် ချယ်လ်ဆီး၏ တစ်ဖက်သတ် ဖိကစားမှုကိုသာ ဟန့်တားနေရပြီး တန်ပြန် တိုက်စစ်ဆင်မှုကို မပြုလုပ်နိုင်ခဲ့ချေ။

ချယ်လ်ဆီးအတွက် အဖွင့်ဂိုးကို ပွဲချိန်ကိုးမိနစ်၌ ရှက်ဗ်ချင်ကိုက သွင်းယူပေးပြီး ဒုတိယဂိုးကို ဒရော့ဘာက ပွဲချိန်၁၈မိနစ်၌ သွင်းယူပေးခဲ့သည်။ ချယ်လ်ဆီးအတွက်တတိယဂိုးကို ပွဲချိန် ၄၅မိနစ်၌ ကွင်းလယ် ကစားသမား မက်ကေးက သွင်းယူခဲ့သဖြင့် ချယ်လ်ဆီးတို့ သုံးဂိုးပြတ် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဝက်စ်ဟမ်းနှင့်ဝက်ဖို့ဒ်

ဝက်ဖို့ဒ်တို့ ကံကောင်းထောက်မစွာဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဝက်စ်ဟမ်းအသင်းက အိမ်ကွင်း၌ တစ်ချိန်လုံး ဖိကစားပြီး အကြိမ်ကြိမ်ထိုးဖောက်ကစားခဲ့သလို အပိုင်ဂိုးသွင်းခွင့်များလည်းရရှိခဲ့သည်။ သို့သော် တိုက်စစ်မှူး ဇာမိုရာ၊ ကိုးလီနှင့်မော်တေးတို့ အဆုံးသတ်အားနည်းခဲ့ကြသဖြင့် တစ်ဂိုးမျှ မရရှိခဲ့ခြင်းဖြစ်သည်။ ဝက်ဖို့ဒ်သည် တစ်ကြိမ်တည်းသော အပိုင်ဂိုးသွင်းခွင့် အခွင့်အရေးကို ၄၂မိနစ်၌ ရရှိခဲ့ရာ ကွင်းလယ်ကစားသမား ဖက်နင်းက ဂိုးရအောင်သွင်းယူခဲ့သဖြင့်ယင်းဂိုးဖြင့်ပင် ဝက်ဖို့ဒ်တို့ အနိုင်ရရှိခဲ့ ခြင်းဖြစ်သည်။ ။

အခြားပွဲ ရလဒ်များ

ဝူလ်ဗာဟမ်တန်	၀ – ၃	ဝက်ဘရွန်း
မန်စီးတီး	၃ – ၁	ဆောက်သမ်ပတန်
အာဆင်နယ်	၁ – ၁	ဘော်လ်တန်
ဘာမင်ဂမ်	၂ – ၃	ရက်ဒင်း။

(အင်တာနက်)

ဇန်နဝါရီ ၂၉ရက်က ရန်ကုန်မြို့တွင် လေ့လာရေးခရီး ရောက်ရှိနေသော မုဒုံမြို့ ဘိုးဘွားရိပ်သာကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးပိုးရီ၊ ဘဏ္ဍာရေးမှူး ဒေါက်တာမြင့်ဦး၊ အဖွဲ့ခေါင်းဆောင် ဒေါ်မြင့်မြင့်စိုးတို့ ဦးဆောင်သော ဘိုးဘွား ၂၃ဦးတို့က ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးခင်မောင်ဝင်း လက်ခံယူစဉ်။ (က-ပ)

အထက(၃) ကြည့်မြင်တိုင် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၉

အထက(၃)ကြည့်မြင်တိုင် (ယခင် ဗိုကျုံး) ကျောင်းတွင် ၁၉၆၅မှ ၁၉၉၅အထိ ပညာသင်ကြားပေးခဲ့သော အသက်၅၅နှစ်နှင့်အထက် ဆရာ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက နဝမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့) နံနက်၉နာရီတွင် အဆိုပါကျောင်း စကားဖြူခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆရာ ဆရာမကြီးများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြရန် ဖိတ်ကြားထားသည်။

အခမ်းအနားအား စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် နောက်ဆုံး အကြိုညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကျောင်းရုံးခန်းအတွင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်နိုင်ကြောင်းနှင့် ဆရာကန်တော့ပွဲအတွက် လှူဒါန်းလိုသော အလှူရှင်များသည် ဆရာမဒေါ်စန်းဝင်း၊ ဆရာမဒေါ်ငွေရီ (ကျောင်းသူဟောင်း) ဖုန်း-၂၂၀၃၈၀၊ ဦးအောင်ကျော်ဦး ဖုန်း-၀၉-၅၀-၁၄၂၆၄၊ ဦးမြင့်သန်း ဖုန်း-၀၉-၅၁-၀၁၀၉၂၊ ဦးချာလီမောင် ဖုန်း-၀၉-၉၀-၃၂၀၅၁၊ ဦးကြည်ကို ဖုန်း-၀၉-၅၁-၆၃၇၂၆၊ ဦးခင်မောင်လှ ဖုန်း-၀၉-၈၀-၂၃၅၇၉၊ ဦးငွေဝင်း ဖုန်း-၀၉-၅၁-၈၅၆၅၇၊ ဦးသိန်းဝင်း ဖုန်း-၅၃၈၆၉၈၊ ဦးစိုးဝင်း ဖုန်း-၀၉-၅၁-၃၂၀၃၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဇန်နဝါရီ ၂၂ရက်က ရန်ကုန် အနောက်ပိုင်းခရိုင် အလုံမြို့နယ် သိပ္ပံဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဈေးတာဝန်ခံ ဦးစံလွင်မောင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ရဲသူရိန်ငွေဝင်းနှင့်အဖွဲ့ ဈေးအတွင်းလိုက်လံစစ်ဆေးပြီး မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသစဉ်။ (က-ပ)

ဗောဓိတစ်ထောင်ကျောင်းတိုက်၊ ကမ္ဘာ့အကြီးဆုံး ရပ်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဗွာပနာတော် ထည့်သွင်းပူဇော်ပွဲနှင့် ဗုဒ္ဓပူဇနိယပွဲတော်

စစ်ကိုင်းတိုင်း၊ မုံရွာမြို့နယ်၊ ခတက္ကန်တောင်ရွာ၊ မဟာဗောဓိတစ်ထောင်ကျောင်းတိုက်တွင် တည်ထားပူဇော်အပ်သော ဉာဏ်တော်အမြင့် ၄၂၄ပေ၊ အထပ်ပေါင်း ၃၃ထပ်ရှိ ကမ္ဘာ့အကြီးဆုံး လေးကျွန်းစကြာ ရပ်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆရာတော်ဘုရားကြီး၏မွေးနေ့ဖြစ်သည့် ၁၃၆၈ခုနှစ် တပို့တွဲလဆန်း ၁၄ရက် (၂၀၀၇ခုနှစ် ဇန်နဝါရီ ၃၁ရက်)တွင် တပည့် သံဃာတော်များ၊ ဒါယကာ ဒါယိကာမများ ဦးစီး၍ ဗွာပနာတော်ထည့်သွင်းပူဇော်ခြင်း၊ သံဃာတော် ၁၀၀၀၊ သီလရှင် ၁၀၀၀တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ စတုဒိသာ အာဟာရဒါနဖြင့် ဧည့်ခံကျွေးမွေးခြင်းနှင့် တပို့တွဲလပြည့် (ဖေဖော်ဝါရီ၁ ရက်)တွင် အနယ်နယ် အရပ်ရပ်မှ ပင့်သံဃာတော် အရှင်မြတ်အပါး ၃၀၀၀တို့အား သံဃဒါနလောင်းလှူပူဇော်ခြင်း၊ နိုင်ငံကျော် ဓမ္မကထိက ဆရာတော်များ၏ ဓမ္မပူဇာသဘင်များ ဆင်ယင်ကျင်းပခြင်းတို့ဖြင့် ဆရာတော်ကြီး သက်တော်ထင်ရှားရှိစဉ်အတိုင်း အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်ကြမည်ဖြစ်ပါ၍ တပည့်သာဝကများ အားလုံးတို့အား ဖိတ်ကြားအပ်ပါသည်။

နာယကဆရာတော်များ
မဟာဗောဓိတစ်ထောင်၊ မုံရွာ။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ဆိုင်(၃)ဆိုင်အတွက် မြေကြီးတာပေါင်ပတ်ရန်နှင့် နုန်း၊ သဲဖို့ရန် လုပ်ငန်းများ ချိပ်ပိတ်တင်ဒါခေါ်ခြင်း

တင်ဒါအမှတ် ၁၀/၁၁/၁၂ (၂၀၀၆-၂၀၀၇)

၁။ ဆောင်ရွက်ရမည့်လုပ်ငန်း - CNG ဆိုင်(၃)ဆိုင်အတွက် မြေကြီးတာပေါင်ပတ်၍ နုန်း၊ သဲဖို့ခြင်းလုပ်ငန်း။

၂။ **တင်ဒါအမှတ်နှင့်လုပ်ငန်းပမာဏ**

(က) တင်ဒါအမှတ်၁၀/(၂၀၀၆-၂၀၀၇) [တောင်ဥက္ကလာပ (ဂေါက်ကွင်း) CNG ဆိုင်]

မြေကြီးတာပေါင်ဖို့ခြင်း	-	၂၇၇ ကျင်း
နုန်း၊ သဲဖို့ခြင်း	-	၁၆၂၇ ကျင်း

(ခ) တင်ဒါအမှတ်၁၁/(၂၀၀၆-၂၀၀၇) (သုဝဏ္ဏပန်းခြံ CNG ဆိုင်)

မြေကြီးတာပေါင်ဖို့ခြင်း	-	၉၃ ကျင်း
နုန်း၊ သဲဖို့ခြင်း	-	၅၇၀ ကျင်း

(ဂ) တင်ဒါအမှတ်၁၂/(၂၀၀၆-၂၀၀၇) (ရွှေပေါက်ကံ CNG ဆိုင်)

မြေကြီးတာပေါင်ဖို့ခြင်း	-	၁၀၇ ကျင်း
နုန်း၊ သဲဖို့ခြင်း	-	၁၀၀၅ ကျင်း

၃။ ချိပ်ပိတ်တင်ဒါတင်သွင်းရမည့်နေရာ - မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန အဆောက်အအုံအမှတ်(၆)၊ နေပြည်တော်။

၄။ တင်ဒါပိတ်မည့် ရက်၊အချိန် - ၂-၂-၂၀၀၇ရက်၊ ၁၂း၀၀နာရီ။

၅။ တင်ဒါပုံစံနှင့်စည်းကမ်းများကို ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (ရန်ကုန်)နှင့် အဆောက်အအုံအမှတ်(၆)၊ စွမ်းအင်ဝန်ကြီးဌာန၊ နေပြည်တော်တွင် တစ်စုံလျှင်ကျပ်(၁၀၀၀/-)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို တယ်လီဖုန်းနံပါတ်-၀၆၇-၄၁၁၃၄၀၊ ၀၁-၂၄၆၃၇၂ တို့တွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း။

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စားသောက်ကုန်လုပ်ငန်း လက်အောက်ရှိ အောက်ဖော်ပြပါ မြေနေရာများတွင် မြေအောက်ထပ်၌ မော်တော်ယာဉ်ရပ်နားစခန်း၊ မြေညီထပ်နှင့် ပထမထပ်များတွင် အရောင်းခန်းမများနှင့် ကျန်အထပ်များတွင် လူနေအိမ်ရာများထားရှိရန်အတွက် ဆောက်လုပ်ရေး စံချိန်စံညွှန်းများနှင့်အညီ ရှစ်ထပ် (RC) အဆောက်အအုံ ဆောက်လုပ်လို၍ Architect Drawing များ၊ Civil Drawing များ၊ Detail Cross Section များ၊ BQ များနှင့်တကွ ၁၅-၂-၂၀၀၇ ရက် နောက်ဆုံးထား၍ တင်ဒါတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်-

အမှတ် ၄၀/၄၄၊ အမှတ် ၃၈၊ အမှတ် ၃၄/၃၆၊ အမှတ် ၂၆/၃၂
၅၆လမ်း၊ ပုဇွန်တောင်မြို့နယ်၊ မြေနေရာ။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာများတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

အမှတ်(၁)စက်မှုဝန်ကြီးဌာန
မြန်မာ့စားသောက်ကုန်လုပ်ငန်း(စီမံကိန်းဌာန)
- ရုံးအမှတ်-၃၇၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၀၆၇
- အမှတ် ၁၉၂၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၆၁၀၇၆။

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်နေ ဦးမြင့်ဝင်း-ဒေါ်ခင်အေးရီ တို့၏ တစ်ဦးတည်းသောသား

ဗိုလ်ကြီးလှိုင်ဖြိုးဝင်း B.A(History)

ကာကွယ်ရေးဝန်ကြီးဌာန

နှင့်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးဝင်းမောင်(ဘူမိဗေဒအရာရှိ၊ ငြိမ်း)-ဒေါ်ယဉ်ယဉ်မြင့် (ဦးစီးအရာရှိ-ဓာတုဗေဒ)တို့၏ တစ်ဦးတည်းသောသမီး

ဒေါက်တာမေမြတ်ဝင်း M.B.,B.S (Ygn)
M.S.F, Holland

တို့၏ ၂၇-၁-၂၀၀၇ရက် မဟာစည်သာသနာ့ရိပ်သာ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပါသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်သော ဧည့်ပရိသတ်များနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးလှိုင်ဖြိုးဝင်း-ဒေါက်တာမေမြတ်ဝင်း။

ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဗိုလ်မှူးကြီးသာဝင်း(ငြိမ်း)-ဒေါ်မြမြယဉ်
တို့၏သား

ဒေါက်တာလူမော်ဝင်း
M.B.,B.S, M.Med.Sc(Rehab Med), TCM (China)

နှင့်

ရန်ကုန်မြို့နေ (ဦးမောင်မောင်ညွှန့်)-ဒေါ်ခင်ဆွေယု [အုပ်ချုပ်မှုဒါရိုက်တာ S.T.A.G (Myanmar) Co., Ltd. နှင့် E.L.P.L Co., Ltd.]
တို့၏သမီး

မကြည်ဖြူညွှန့်
B.Sc(Q), M.Sc, M.Res, (Environmental Studies), Dip in English

တို့၏ ၂၀၀၇ခုနှစ် ဇန်နဝါရီ၂၇ရက်တွင် အမှတ်၃၃(အေ)၊ မလိခလမ်း၊ မရမ်းကုန်းမြို့နယ်နေအိမ်၌ နှစ်ဖက်သောမိဘတို့၏ သဘောတူညီချက်အရ လူကြီးစုံရာ ရှေ့မှောက်တွင် လက်မှတ်ရေးထိုး လက်ထပ်ပြီးစီးပါကြောင်းနှင့် မော်ကွန်းတင် လက်ထပ်ပေးပါသော ဒုတိယတိုင်းတရားသူကြီးချုပ် ဦးဟန်ရှိန်၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် ဇနီး ဒေါ်တင်တင်လတ်၊ မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့်ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပွဲ ဖြစ်မြောက်ရေးနှင့် ကျွေးမွေးဧည့်ခံရေးတို့အတွက် အစအဆုံး တာဝန်ယူပြည့်စုံအောင် စီစဉ်ပေးကြပါသော STAG Co.,Ltd. နှင့် ELPL Co.,Ltd. ဝန်ထမ်းများ၊ မင်္ဂလာဝတ်စုံများကို စေတနာပြည့်ဝစွာဖြင့် ဖန်တီးပေးသော မမိုးကလျာ၊ မမုံရွှေရည် (မိုးမခ)၊ တေးဂီတဖြင့် ဖျော်ဖြေဧည့်ခံပေးကြသော တေးသံရှင် မမီမီဝင်းဖေနှင့် အဖွဲ့သားများ၊ အခြားကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာလူမော်ဝင်း-ကြည်ဖြူညွှန့်။

(၃၆)နှစ်ပြည့် မင်္ဂလာဆုတောင်း

၂၀၀၇ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ပြည့်မြောက်သော ချစ်ဖေဖေ ဦးမြင့်သိန်း(ညွှန်ကြားရေးမှူး၊ ငြိမ်း၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန)၊ စီမံထူးချွန်(ဒုတိယဆင့်)နှင့် ချစ်မေမေ ဒေါ်ညွှန့်ညွှန့်ဝင်း တို့၏ (၃၆)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် သက်ဆုံးတိုင် ကျန်းမာချမ်းသာ၍ ချစ်သော သားသမီး မြေးများနှင့်အတူ သာသနာ့အကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးရွက်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Dr. ကျော်ကျော်မြင့် B.D.S(Ygn), M.D.Sc(Ygn)
(လ/ထ ကထိက၊ သွားနှင့်ခံတွင်း ဇီဝသိပ္ပံပညာဌာန၊ သွား/ဆေးတက္ကသိုလ်၊ မန္တလေး)
ဒေါ်ဝင်းဝါဝါသိန်း B.Sc (Maths)
မြေး - မမြတ်ဟေသီကျော် Grade-4(D) အထက(၂)လသာ၊ မနှင်းအိဝင်းဝါ Future Light Kindergarten ကိုကျော်စွာ(တာဝန်ခံ၊ရွှေမေတ္တာဇီဝမြေသြဇာ၊တောင်ကြီး)
ဒေါ်နှင်းနှင်းစိုး B.Sc(Phy), A.G.T.I(Civil)
မြေး - မရွှန်းလဲ့ဝေဇော် Grade-1(A) အထက(၄)တောင်ကြီး၊ မနှင်းအိန္ဒြေလွင် မူကြို၊အထက(၄)တောင်ကြီး။

ဒေါ်နီလာရွှေ (ကြာငါးခိုင်သင်္ကန်းတိုက်) အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

သီရိသုဓမ္မမဏိဇောတရေ ဦးညွှန့်ငွေး၏ဇနီး ဒေါ်နီလာရွှေ(B.Com)သည် နိုင်ငံတော်က ဂုဏ်ပြုချီးမြှင့်သည့် သာသနာတော်ဆိုင်ရာ သီဟသုဓမ္မသင်္ဂဟဘွဲ့ကို ထိုက်တန်စွာရရှိသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဘာသာ သာသနာ အကျိုးများကို ဆတက်ထမ်းပိုး တိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း၊ စိတ်ချမ်းသာ ကိုယ်ကျန်းမာ၍ လိုအင်ဆန္ဒပြည့်ဝပါစေ။

ဦးမောင်မောင်ဦး(ဘဘို)-(ဒေါ်ကြင်မြ)မိသားစု ၄၄လမ်း၊ ရန်ကုန်မြို့။

မဟာအောင်မြေမြို့နယ် အောင်ရတနာလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်း သန့်ရှင်းလှပရေးနှင့် လမ်းများကောင်းမွန်ရေး ပြည်သူများ ပူးပေါင်းဆောင်ရွက်

မန္တလေး ဇန်နဝါရီ ၂၀

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် အတွင်းရေးမှူးဦးမောင်ပု၊ ကော်မတီဝင်ဦးမြင့်သိန်း၊ ဦးကျော်ဝင်းနှင့် ဌာနမှူးများလိုက်ပါလျက် ဇန်နဝါရီ ၁၁ရက် နံနက် ၁၁ နာရီက မဟာအောင်မြေမြို့နယ် သံလျက်မော်အရှေ့ ပတ္တာရပ်ကွက် အကွက်(၄၁၆)နှင့် (၄၁၅)ကြား၊ ၈၈လမ်းနှင့် ၈၉လမ်းကြား အောင်ရတနာလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။(အပေါ်ပုံ)

ရှေးဦးစွာ မြို့တော်ဝန်အား လမ်းတံတားဌာန ဌာနမှူး ဦးအောင်စိုးက သံလျက်မော်အရှေ့ ပတ္တာရပ်ကွက်ရှိ အရှည်ပေ ၄၅၀၊ အကျယ် ၁၄ပေ အောင်ရတနာ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ပြည်သူများ၊ ရပ်မိ ရပ်ဖများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့တော်ဝန်က ယခုကဲ့သို့ ရပ်ကွက်နေပြည်သူများ၊ ရပ်မိ၊ ရပ်ဖများ ပူးပေါင်းပါဝင်၍ ကိုယ့်အားကိုယ်ကိုးလမ်းများ ဖောက်လုပ်ခြင်းကို ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ မန္တလေးမြို့ သန့်ရှင်းသာယာလှပရေး၊ လမ်းများကောင်းမွန်စေရေးတွင် ပြည်သူများအသိစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်လာရေးတို့အတွက် သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ နယ်မြေအလိုက် အင်ဂျင်နီယာများက ဆက်လက်၍ စည်းရုံးဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် အောင်ရတနာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးပြီး ရပ်ကွက်ပြည်သူများ၊ ရပ်မိ၊ ရပ်ဖများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့်အဖွဲ့ ဒီဇင်ဘာ ၁၆ရက်က ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆-၂၀၀၇ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော မြို့ပြတံတား၊ ရေပေးရေးနှင့် ကျေးလက်လမ်း ကျောက်ချောခင်းခြင်းတို့ကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစောထွန်းစိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်နိုင်တို့က ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

မော်လမြိုင်ဆရာအတတ်သင်သိပ္ပံ၌ တာဝန်ထမ်းဆောင်သော အငြိမ်းစားဆရာ ဆရာမများအား ပူဇော်ကန်တော့

သံဖြူဇရပ် ဇန်နဝါရီ ၁၂

မွန်ပြည်နယ် မော်လမြိုင်မြို့ ဆရာအတတ်သင်သိပ္ပံ (ဆရာဖြစ်သင်တန်းကျောင်း)မှ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီး ၂၀တို့အား ကန်တော့ပွဲနှင့် ဂုဏ်ပြုပစ္စည်းထောက်ပံ့လှူဒါန်းပွဲကို ဒီဇင်ဘာ ၂၅ ရက်က သံဖြူဇရပ်မြို့ အထက(၁)ပညာဗိမာန်ခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မွန်ပြည်နယ်ပညာရေးမှူး ဦးထွန်းရီက ဂုဏ်ပြုအမှာစကားပြောကြားပြီး (သံဖြူဇရပ်)မြို့နယ်ပညာရေးမှူးဦးခင်မောင်ဦးက မြို့နယ်အတွင်းရှိ တပည့်ဟောင်း ဆရာဆရာမများက ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ရခြင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ပညာရေးမှူးဦးထွန်းရီ၊ မြို့နယ်ပညာရေးမှူး ဦးခင်မောင်ဦး၊ တပည့်ဟောင်းကျောင်းဆရာ၊ ဆရာမများက အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီး ၂၀တို့အား ဂုဏ်ပြုပစ္စည်းဦးသိန်းတန်အောင်နှင့် ထောက်ပံ့လှူဒါန်းငွေများ ပေးအပ်လှူဒါန်းခဲ့ကြသည်။**(အောက်ပုံ)** **(၁၆၈)**

ရသေ့တောင်မြို့နယ် ကျောက်တန်းကျေးရွာ ပညာကြေးမုံစာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၀ရက်က အဆိုပါစာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစံကျော်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးဦးသိန်းတန်အောင်နှင့် ကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မြို့နယ်သတင်းများ

လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းဆင်း

ကွန်ဟိန်း ဇန်နဝါရီ ၁၀

ရပ်ကွက်၊ ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး သင်တန်းဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေဒိုးက အမှာစကားပြောကြားပြီး သင်တန်းသားများကိုယ်စား အမှတ်(၄)ရပ်ကွက်ဥက္ကဋ္ဌ ဦးအေးမောင်က ကျေးဇူးတင်စကားပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

ကျောက်ကြီးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ကြီးမှူး မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးဟောပြော

ကျောက်ကြီး ဇန်နဝါရီ ၁၂

ကျောက်ကြီးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ဟောပြောပွဲကို ဇန်နဝါရီ ၆ ရက်က ကျောက်ကြီးမြို့ အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးမိုးဦးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်ခင်ခင်ထွေးနှင့်အဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိဘများတက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမိုးဦး၊ မြို့နယ်ပညာရေးမှူး ဦးခိုင်ထွန်းနှင့် အထက ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်လားဆဲတို့က အမှာစကားပြောကြားကြပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်ခင်ခင်ထွေးကမျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးအကြောင်း ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

စွမ်းဆောင်ရည်မြင့်မားရေးသင်တန်းသားများ မင်းဘူးမြို့၌ ကြက်ဆူဆီထုတ်လုပ်မှုလေ့လာ

မင်းဘူး ဇန်နဝါရီ ၁၀

မင်းဘူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဖွင့်လှစ်သော မင်းဘူး(စကု) မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် မြင့်မားရေး သင်တန်းတက်ရောက်လျက် ရှိသည့် သင်တန်းသားများသည် ဒီဇင်ဘာ ၂၃ ရက် နံနက် ၁၁ နာရီက မင်းဘူးမြို့ စက်မှုလယ်ယာဦးစီးဌာနတွင် ကျင်းပသည့် ခြံစည်းရိုးကြက်ဆူဆီ ကြိတ်ခွဲစက်ဖြင့် ကြိတ်ခွဲပုံ အဆင့်ဆင့်နှင့် ကြက်ဆူဆီသန့်စင်နည်း အဆင့်ဆင့်တို့ကို သွားရောက်လေ့လာကြရာ စက်မှုလယ်ယာဦးစီးဌာနဦးစီးအရာရှိ ဦးမြင့်စိုးနှင့် ဝန်ထမ်းများက လက်တွေ့ဆောင်ရွက်ပြသသည်။

အဆိုပါ လက်တွေ့ ဆောင်ရွက်ပြသပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

(ခရိုင် ပြန်/ဆက်)

ဝေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်နုနှင့် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့တို့ ဒီဇင်ဘာ ၃၁ ရက်က ဝေါမြို့နယ် ရှမ်းစုကျေးရွာအုပ်စုကွင်း အမှတ်(၇၀၀)ရှိ နွေစပါး တမံပိတ်ကွက်ကို စစ်ဆေးပြီး ရေဝင်ရောက်မှုနှင့် နွေစပါးစိုက် လယ်မြေများ အောင်မြင်ဖြစ်ထွန်းမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် ပြန်/ဆက်)

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် စစ်ကိုင်းတိုင်း ကောလင်းမြို့ မြို့မရပ်နေ အဖ ဦးခင်–အမိ ဒေါ်ညိုနှင့် ဦးလှဖေတို့အား ရည်စူး၍ သမီး ဒေါ်မြင့်၊ ဒေါ်တင့်နှင့် ဒေါ်ခင်လှမြင့် မိသားစုက ကျောင်းအကျိုးဆောင် မဟာသိမ်တော်ကြီး စာချနာယကဆရာတော် အရှင်ဂန္ဓသာရ၏ ရှေ့မှောက်တွင် အလှူတော်ငွေကျပ် နှစ်သိန်းလှူဒါန်းရာ ကျောင်းအမှုဆောင် ဒေါ်ကေသက်မော်က အလှူတော်ငွေ လက်ခံစဉ်။ (က–ပ)

မီးဘေးကာကွယ်ရေး လေ့ကျင့်သရုပ်ပြ

ရေး ဇန်နဝါရီ ၁၀

ရေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့နယ် မီးသတ်ဦးစီးဌာနနှင့် ဈေးသာယာရေး ကော်မတီတို့ ပူးပေါင်း၍ အဖွဲ့ပိုင် မြသီတာ(မြို့မ) ဈေးတွင် ဒီဇင်ဘာ ၂၅ရက်က မီးဘေး ကာကွယ်ရေး လေ့ကျင့်သရုပ်ပြကြသည်။

အဆိုပါ လေ့ကျင့်သရုပ်ပြပွဲတွင် မြို့နယ်အမှုဆောင်အရာရှိ ဦးအေးနိုင်က မီးဘေး ကြိုတင်ကာကွယ်ရေး စီမံဆောင်ရွက်ထားရှိမှုများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ သရုပ်ပြပွဲသို့ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီး မြင့်အောင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဈေးအရန် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ တက်ရောက် အားပေး ကြည့်ရှုကြသည်။ **(မြို့နယ်စည်ပင်)**

ကျေးဇူးရှင်များဖြစ်ကြသော ဖခင် ဦးသန်းဖေ–မိခင် ဒေါ်တင်ဦး (ပေါင်းတည်) တို့အား ရည်စူး၍ ရန်ကုန်တိုင်း လှိုင်မြို့နယ် (၁၃) ရပ်ကွက် မဟာဆွေ (၁)လမ်း အမှတ် (၁၆/၁၇)နေ ဦးမင်းခေါင် (လေမှုတ်စက်)–ဒေါ်နီနီ၊သားဇေ ယျာ ပိုင် မင်း မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန)အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အပ်ချုပ်စက်များ ပေးအပ်လှူဒါန်းပွဲ ရေတာရှည်မြို့၌ ကျင်းပ

ရေတာရှည် ဇန်နဝါရီ ၅

ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ရေတာရှည်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့အားအပ်ချုပ်စက်များ ပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ၂၇ရက် နံနက် ၁၁နာရီခွဲက ရေတာရှည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စဝ်နွန်းခွန်ဆမ်က ပေးအပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားသည်။

၎င်းနောက် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ရေတာရှည်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့အတွက် အပ်ချုပ်စက်ငါးလုံး၊ ရေတာရှည်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအတွက် အပ်ချုပ်စက်ငါးလုံးတို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း နေ့ကလေးထိန်းကျောင်းသို့ သွားရောက်ပြီး မူကြိုကျောင်းသား၊ ကျောင်းသူကလေးများအား မုန့်နှင့် ကစားစရာပစ္စည်းများကို ထောက်ပံ့ပေးအပ်ပြီး မြို့နယ်တိုင်းရင်းဆေးခန်းသို့ သွားရောက်ကာ တိုင်းရင်းဆေးဝါးနှင့် ကုသမှုများကို ကြည့်ရှုလေ့လာပြီး တာဝန်ရှိသူများအား အားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(မိခင်/ကလေး)**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေး ဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်လတ်နှင့် တာဝန်ရှိသူများ ဒီဇင်ဘာ ၁၅ရက်က တိုက်ကြီး မြို့မဈေးအတွင်း ဈေးသည်များ စနစ်တကျ တည်ခင်းရောင်းချမှုနှင့်သား၊ငါးများ ယင်လုံဆန်ခါဖြင့် ရောင်းချမှုတို့ကို ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ် စည်ပင်)

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ရေးဆွေးနွေး

လားရှိုး ဇန်နဝါရီ ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စန်းသည် လားရှိုးခရိုင် ဦးစီးအရာရှိ ဦးဆန်းဝင်း၊ ကျောက်မဲခရိုင် ဦးစီးအရာရှိ ဦးမောင်ကို၊ မူဆယ်ခရိုင် ဦးစီးအရာရှိ ဦးညိုဝင်း၊ ကွမ်းလုံခရိုင် ဦးစီးအရာရှိ ဒေါ်နန်းမြမြဝင်းတို့ လိုက်ပါလျက် ဇန်နဝါရီ ၁၄ရက်မှ ၂၀ရက်အထိ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ ခရိုင်ရုံး လေးရုံး၊ မြို့နယ်ရုံး ၁၃ရုံးနှင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ၅၀ ကျော်တို့ကို သွားရောက်စစ်ဆေးကြသည်။

အဆိုပါ ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲခြင်း ရှိမရှိနှင့် ရှင်သန်ဖွံ့ဖြိုးခြင်း ရှိမရှိတို့ကို ခရိုင်ဦးစီးအရာရှိများကိုယ်တိုင် အမှတ်ပေးအကဲဖြတ်ကြပြီး မြို့နယ်အလိုက်၊ ခရိုင်အလိုက် ယှဉ်ပြိုင်မှုများ ပြုလုပ်ကြသည်။

ထို့နောက် ကျေးရွာစာကြည့်တိုက်များတွင် ကျေးရွာ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စာကြည့်တိုက်မှူးနှင့် စာကြည့်တိုက်ကော်မတီဝင်များ၊ မြို့နယ်ဦးစီးမှူးများအား တွေ့ဆုံ၍ စာကြည့်တိုက်များ ရေရှည်တည်တံ့စေရန်အတွက် ပူးပေါင်းဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးကြသည်။

ဆောင်ရွက်မည်

ရှင်သန်ဖွံ့ဖြိုးလျက်ရှိသော စာကြည့်တိုက်များတွင် ကျေးရွာပြည်သူများ အကြားအမြင်၊ ဗဟုသုတ တိုးပွားစေရေးအတွက် စာအုပ်ငှားဖတ်နိုင်ရုံသာမက မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့ကိုပါ ဖမ်းယူကြည့်ရှုနိုင်ရေးအတွက် ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး ရုပ်မြင်သံကြား ဖမ်းယူကြည့်ရှုရေးစခန်းများ ဖွင့်လှစ်နိုင်ရေး အသေးစိတ်ဆွေးနွေးကြရာ ကျေးရွာများမှ မိမိတို့ရွာများတွင် အမြန်ဆုံး တပ်ဆင်နိုင်ရေး စီစဉ်ဆောင်ရွက်သွားကြမည် ဖြစ်ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော နမ့်လန်မြို့ ကန်တော်ကြီးလမ်း ကျောက်ချောလမ်း သစ်ဖွင့်ပွဲကို ဇန်နဝါရီ ၄ ရက်က ကျင်းပရာမြို့နယ်ဥက္ကဋ္ဌဦးခင်ကြည်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

မြန်မာ့သိုင်း အဖွဲ့ဝင်များ သိုင်းစွမ်းရည်များ ပြသ

ရွှေတောင် ဇန်နဝါရီ ၂၁

မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ် စက္ကဗျူဟာသိုင်းပင်မအဖွဲ့ကြီး၏ ပညာစဉ်စစ်ဆေးပွဲနှင့် အဆင့်ပေး မြန်မာ့သိုင်းသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၁၀ရက်က ရွှေတောင်မြို့ ကြာနီကန်ရပ်ကွက် အင်ကြင်းစင်ရွာတွင် ကျင်းပရာ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ် အတွင်းရေးမှူး ရဲမှူးဆန်းရှိန်နှင့် အမှုဆောင်ပညာရှင်ဆရာကြီး ဦးခင်မောင်တို့က အမှာစကားများ ပြောကြားကြပြီး မြန်မာ့သိုင်းအဖွဲ့ဝင်များက သိုင်းစွမ်းရည်များ ပြသကြသည်။ (ဝဲပုံ)

မြန်မာ့သိုင်းသင်တန်းကို ဇန်နဝါရီ ၁၀ရက်မှ ၁၉ရက်အထိ ၁၀ရက်ကြာ သင်တန်း ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၂၃၀ကျော် တက်ရောက်ခဲ့ကြသည်။

အဆိုပါဖွင့်ပွဲသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် (၁) မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး အောင်စိုးဝင်းနှင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

စလင်းမြို့ ဝက်သိုက်လမ်း မြေသားလမ်းဖောက်

စလင်း ဒီဇင်ဘာ ၃၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှသိန်းအောင်သည် မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီးဦးကျော်စိုး လိုက်ပါ၍ စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဖောက်လုပ်လျက်ရှိသော ရှမ်းရွာကုန်း ဝက်သိုက် မြေသားလမ်း ဖောက်လုပ်နေသည့် လုပ်ငန်းခွင်သို့ ဒီဇင်ဘာ၂၀ရက်က ကွင်းဆင်းစစ်ဆေးရာ စလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်မင်းသန့်တို့က ရှင်းလင်းတင်ပြကြသည်။

အဆိုပါလမ်းသည် ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူတို့ပူးပေါင်း ဖောက် လုပ်လျက်ရှိရာ အရှည် နှစ်မိုင်၊ အကျယ် ၁၈ပေ ဖောက်လုပ်ပြီးစီးပါက အနီးဝန်းကျင် ကျေးရွာနေပြည်သူများ လွယ်ကူ ကောင်းမွန်စွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ဇန်နဝါရီ ၆ရက်က တောင်ငူအထက (၅)၌ ကျင်းပသည့် တောင် ငူ မြို့ နယ် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာထူးချွန်ဆုရသူများ ဂုဏ်ပြုပွဲတွင် အထက(၂) ဒုတိယတန်းမှ နှစ်နှစ်ဆက်တိုက် အင်္ဂလိပ်ကဗျာရွတ်ဆိုပြိုင်ပွဲ ထူးချွန်ဆုရ မောင်ညီရှင်းအား ကျောင်းအုပ်ဆရာကြီး ဦးငွေးညွန့်က ဆုချီးမြှင့်စဉ်။ (၃၀၃)

ကျေးလက်မီးဘေး ကာကွယ်ရေး မနေ့းဆောင်ရွက် တို့အတွက်

ရန်ကုန်မြို့ ဘုရင့်နောင်ပွဲရုံတန်း ကုံကော်လမ်း အမှတ် က/၅၈နေ ဦးစိုးသိန်းအား ရည်စူး၍ ဒေါ်ကျင်မေ(သမာဓိပွဲရုံ)သားသမီးများဖြစ်ကြသော ကိုကျော်ညွန့်၊ မစိုးရီ၊ကိုမြအောင်-မမြင့်မြင့်ရီ၊ မသန်းသန်းစိန်၊ မလှလှမြင့်၊ ကိုဝင်းနိုင်-မမြင့်မြင့်အေး၊ကိုသန်းနိုင်-မရင်ရှင်သီ၊ မမူမူဌေးနှင့် မြေးတစ်စုတို့က ရေဝတီတိုင်း မြန်အောင်မြို့ ပရဟိတမြို့ရွှေကျောင်းတိုက် မြန်အောင် သမ္မာဒွေ စေတီရုံများ နှစ်စဉ် ရွှေသင်္ကန်းကပ်လှူနိုင်ရန် ရာသက်ပန် ရွှေသင်္ကန်း ထာဝရ ပဒေသာပင်တစ်ပင်အတွက် ငွေကျပ်တစ်သိန်းကို ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပျိုးရွယ်သူ မျိုးဆက်ပွား ကျန်းမာရေး ဆင့်ပွားသင်တန်း မုံရွာမြို့၌ ဖွင့်လှစ်

မုံရွာ ဇန်နဝါရီ ၁၅

စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူး ဖွင့်လှစ်သော ပျိုးရွယ်သူ မျိုးဆက်ပွား ကျန်းမာရေး ဆင့်ပွားသင်တန်း ဖွင့်လှစ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂ရက် မွန်းလွဲ၂နာရီက မုံရွာမြို့ ပြည်သူ့ဆေးရုံကြီး မူးယစ်ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်ဝေဝေခိုင်က အဖွင့်အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းကျန်းမာရေး ဦးစီးဌာန ဒုတိယတိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးမျိုးဆွေက မျိုးဆက်ပွားသင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

သင်တန်းသို့ စီမံချက်ဝင် (၁၀) မြို့နယ်မှ သင်တန်းသား၊ သင်တန်းသူ ၃၅ဦးတို့တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက် ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

၂၀၀၄-၂၀၀၅ခုနှစ်အတွက် နိုင်ငံတော်မှ ချီးမြှင့်အပ်နှင်းသည့် ဂုဏ်ထူးဆောင် တံဆိပ်များ ချီးမြှင့်အပ်နှင်းသည့် အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က လှိုင်ကော်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ညွန့်တင် ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်စဉ်။

(ခရိုင် ပြန်/ဆက်)

သုတ၊ ရသ စာစုများဖြင့် ယောမဂ္ဂဇင်းထုတ်ဝေ

ဂန့်ဂေါ ဇန်နဝါရီ ၂၆

ဂန့်ဂေါခရိုင် (၁၀)နှစ်ပြည့်မြောက် (၁၉၉၆-၂၀၀၆) အထိမ်းအမှတ် ယောမဂ္ဂဇင်း ဇန်နဝါရီလအတွင်းက ထွက်ရှိသည်။

အဆိုပါမဂ္ဂဇင်းတွင် ဂန့်ဂေါခရိုင်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ ခရိုင်အတွင်းရှိ လူမှုရေး၊ စီးပွားရေးနှင့် ဒေသအကြောင်းအရာများ၊ ယောနယ်ဒေသနှင့် ပတ်သက်၍ သိကောင်းစရာများပါဝင်ပြီး မောင်ဆုရှင်၊ ချစ်နိုင်(စိတ်ပညာ)၊ ညွန့်ဟံ(ကြူတော)၊ ချစ်စံဝင်း၊ ဒေါက်တာမောင်မောင်ညို၊ ယောနကဖိုးထောင်၊ ဆွေ(လေးဝတီ)တို့၏စာမူများအပြင် ဒေသခံ စာပေဝါသနာရှင်များ၏ သုတ၊ ရသစာစုများဖြင့် ဝေဝေဆာဆာဖော်ပြထားသဖြင့် ဂန့်ဂေါခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဖုန်း-၀၆၂-၅၀၀၀၇ သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

ရန်ကုန် တောင်ပိုင်းခရိုင် ပြည်သူ့ဆောက် လုပ် ရေး လုပ်ငန်း၏ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြပွဲကို ဇန်နဝါရီ ၅ရက်က ကျင်းပရာ ခရိုင် မီးသတ်ဦးစီးအရာရှိ ရဲသူရသော်ဒါနှင့် တာဝန်ရှိသူများကမီးငြိမ်းသတ်ရေးလက်တွေ့သရုပ်ပြသစဉ်။

(ခရိုင်ပြန်/ဆက်)

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် စည် ပင် သာယာရေး အဖွဲ့ ၂၀၀၆-၂၀၀၇ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက် ရှိသော နမ့်ခမ်း-မန်လုံ ကျေးလက် လမ်း ဖောက်လုပ်မှု အခြေအနေကို ဒီဇင်ဘာ၂၉ရက်ကအမှုဆောင်အရာရှိ ဦးမျိုးမင်းစိုးနှင့် လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာ ဦးတင်ထွန်းကျော်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ်
တပို့တွဲလဆန်း ၁၄ ရက်
၃၁-၁-၂၀၀၇
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ခန္ဓသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ သားငါးဖွံ့ဖြိုး ပြည့်အကျိုး (မွေးမြူရေးရာပြန်ကြားလွှာ)
၁၁း၃၀ သောတရှင်အတွက် ပြန်ကြားချက်
၁၂း၀၀ ယဉ်ကျေးမှုအနုပညာ (တပို့တွဲနှင့် ပွဲသုံးပွဲ- ဒေါ်စောမုံညင်း)
၁၂း၂၅ သူ့အတွေးနှင့် သူ့အရေး (သုခနှင့် ဒုက္ခ-ပါရဂူ)
၁၂း၃၅ သီချင်းကြီးပဒေသာ
(၁) စက်နန်းရဝိန်ပတ်ပျိုး (မြတ်မြတ်မိုး)
(၂) သာတင့်ဆုံး ယိုးဒယား (ပုသိမ်ကိုအေးမြင့်)

ညနေပိုင်း

၁၇း၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ကဲ-မောင့်ကိုအနိုင်ယူ(ရီလေး)
(၂) ချစ်နှင်းမှုံမှုံ(မောင်မောင်ညွန့်)
(၃) ဖွဲ့နဲ့ဆန်ကွဲ (မဥ္ဇူမြင့်)
၁၇း၃၀ ခံတွင်းမြိန်စရာ သူ့လက်ရာ (ငါးခေါင်းချဉ်ရည်ဟင်းနှင့် ငါးပိထောင်း)
၁၇း၄၅ သူ့လက်သံ (ဆိုကရေးတီးဆုရ မန္တလေးတိုင်းမှ ဦးအောင်သက်ထွန်း၏ စန္ဒရားလက်သံ)
၁၈း၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) အံ့ဖွယ်ဆန်းကြယ်ဂမ္ဘီရနယ် (ဆရာကြီးအရိန္ဒမာ)
(၂) နှစ်ဆယ်ရာစု မြန်မာစာရေးဆရာများနှင့် စာစုစာရင်း (ဒုတိယတွဲ)
၁၉း၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (ရတနာမြိုင်တေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သည့် ခိုင်မြသာ၏ အချစ်နဲ့ထာဝရ ကိုယ်ပိုင်သံစဉ် တေးစီးရီး)
၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) တဝဲဝဲလည်(ညွန့်ဝင်း)
(၂) နှင်းဖျန်းသောည (ကြွယ်ကြွယ်)
(၃) ခွဲခွာလို့ဖြင့်မနေချင် (ကိုမြသိန်း)

ဂဝံလမ်းခင်း

ညောင်လေးပင်မြို့ ရေဖြူကန်-ပေါက်တောလမ်း ဂဝံခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ဇန်နဝါရီ ၈ ရက်က အမှုဆောင်အရာရှိ ဦးတင်ဌေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်လှိုင်တို့ ကွင်းဆင်းစစ်ဆေးရာ အငယ်တန်း အင်ဂျင်နီယာ(၂) ဦးဇော်လင်းအောင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တာချီလိတ်မြို့ မယ်ခေါင် ၆ လမ်းကတ္တရာခင်း

တာချီလိတ် ဇန်နဝါရီ ၈

ရှမ်းပြည်နယ် (အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဆောင်ရွက်လျက်ရှိသည့် မယ်ခေါင် ၆ လမ်း ကတ္တရာလမ်း ခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၂၈ ရက်က ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

(မြို့နယ်စည်ပင်)

သရက်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ဆောင်ရွက်သော ရေစက်ရုံ အမှတ်(၃) ရေစက် လည်ပတ်ရန်အတွက် မော်တာနှင့်ပန့်တပ်ဆင်ထားရှိမှုကို ဒီဇင်ဘာ ၂၇ ရက်က မကွေးတိုင်း စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင် အရာရှိ ဦးအောင်ကျော်ဟိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးဝင်းထိုက်တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဒိုက်ဦး မြို့ပတ်လမ်း ကတ္တရာခင်း

ဒိုက်ဦး ဇန်နဝါရီ ၁၀

ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပတ်လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်တင်မာအေး ဦးဆောင်သော စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ရာသို့ ဇန်နဝါရီ ၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းလင်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးဝေတို့ ကြီးကြပ်ပေးကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွက် ဆောင်ရွက်လျက်ရှိသော ယင်းမာလမ်းကတ္တရာခင်းရန် ဒီဇင်ဘာ ၂၅ ရက်က အမှုဆောင်အရာရှိ ဦးမြင့်လွင် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ပဲခူးတိုင်း၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့ရှိစက်ရုံများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၉

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မြန်မာ့စားသောက်ကုန်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးလှိုင်နှင့် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့တွင် ပဲခူးတိုင်း ဇေယျဝတီသကြားစက်ရုံ ကြိတ်လုံးဌာနသို့ရောက်ရှိပြီး ကြံရာသီကုန်ဆုံးပြီးနောက် စက်ရုံ၏ စက်ကိရိယာ ပစ္စည်းများ ပြုပြင်ခြင်းလုပ်ငန်းများ၊ ပျက်စီးသည့် အပိုင်းများကို စက်အရန်ပစ္စည်းများဖြင့် အစားထိုးလဲလှယ်ခြင်း လုပ်ငန်းများ၊ ကုန်ထုတ်လိုင်းတစ်လျှောက်စက်များပြုပြင်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းပိုင်းဆိုင်ရာများကို တာဝန်ရှိသူများအား မှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁

ဇေယျဝတီ သကြားစက်ရုံ ကြည့်ရှုစစ်ဆေး

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ပဲခူးတိုင်း ဇေယျဝတီ သကြားစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မိုးလေဝသအခြေအနေ

၃၀-၁-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း ဘောလုံးပြိုင်ပွဲပြီးစီး ရှမ်းပြည်နယ်(တောင်ပိုင်း)က မကွေးတိုင်းကို အနိုင်ရဗိုလ်စွဲ

(၅၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသော ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ဒိုင်းဆုကြီးချီးမြှင့်စဉ်။

ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး(မြန်မာ့အလင်း)

သတင်းမြင်ကွင်း - ကိုထွေး၊ ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၂၉

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် (၅၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲစဉ်ကို ယနေ့ညနေ ၃ နာရီက လှူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ကျင်းပရာ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းက မကွေးတိုင်းအသင်းကို လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိ ဗိုလ်စွဲသွားသည်။

မကွေးတိုင်းအသင်းက ဦးဆောင်ဂိုးတစ်ဂိုးသွင်းယူနိုင်သော်လည်း ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းက ပထမပိုင်းမှာပင် သုံးဂိုးပြန်သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် မကွေးတိုင်းအသင်းက ချေပဂိုးတစ်ဂိုး ပြန်လည်သွင်းယူ၍ ပွဲအရှိန်မြင့်တက်လာခဲ့သော်လည်း ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းက စတုတ္ထဂိုးသွင်းယူကာ ထိုက်ထိုက်တန်တန် အနိုင်ရဗိုလ်စွဲသွားခြင်းဖြစ်သည်။

စာမျက်နှာ ၅ ကော်လံ ၁

ပါတီနှင့်ပါတီခေါင်းဆောင်များအပေါ် ယုံကြည်လေးစားမှု မရှိတော့သဖြင့် ဓနုဖြူမြို့နယ်မှ NLD ပါတီဝင် ခုနစ်ဦး နုတ်ထွက်

ရန်ကုန် ဇန်နဝါရီ ၂၉

ဧရာဝတီတိုင်း ဓနုဖြူမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များ ဖြစ်ကြသော အုန်းပင်ကွင်းကျေးရွာမှ ဦးအောင်ငြိမ်း၊ ဦးအေးကြည်နှင့် ဦးမောင်ဦး၊ ရေကြည်ကျေးရွာမှ ဦးစိုးတင့်၊ ကမ်းငူကြီးကျေးရွာမှ ဦးချစ်ဝင်း၊ တမြာကျေးရွာမှ ဦးတင့်လွင်နှင့် ငါးဘတ်အိုင်ကျေးရွာမှ ဦးရွှေဝင်းတို့သည် ဇန်နဝါရီ ၉ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း၊ ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်လွှာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်သို့ လည်းကောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ လည်းကောင်း နုတ်ထွက်လွှာများ ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ဓနုဖြူမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီ၏လုပ်ရပ်များကို စိတ်ပျက်လာခြင်း၊ NLD ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်လေးစားမှုမရှိတော့ခြင်းတို့ကြောင့် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး